ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့၊ (17-7-2005) (၄၆၅၉)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမိသားစု ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားကျင်းပ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၁၆

ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမိသားစု ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စမ်းချောင်းလမ်းရှိ စမ်းချောင်းကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဝါဆိုသင်္ကန်းကပ်လှူပွဲ အလှူတော်မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကကောဝိဒ ကလေးဝတောရကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇာဂရာဘိဝံသနှင့် စမ်းချောင်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိစိတ္တ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့်

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနင်း၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီး ဒေါ်စန်းစန်းရီ၊ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် ဇနီး ဒေါ်အေးမိခိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကကောဝိဒ ကလေးဝတောရကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇာဂရာဘိဝံသထံမှ အတွင်းရေးမှူး(၁)နှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးတို့က စမ်းချောင်းကျောင်းတိုက် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ကာကွယ်ရေး ဝန်ကြီးဌာန စခန်းမှူးရုံးမိသားစု ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားတွင် စမ်းချောင်းကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကြေးမုံ
The Mirror

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

* *အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံနှင့် နိုင်ငံတကာ အမျိုးသမီးညီလာခံများနောက်ပိုင်းတွင် မြန်မာအမျိုးသမီးများသည် အမျိုးသားရေး စွမ်းအားစုတစ်ရပ်အနေဖြင့် စနစ်တကျ လှုပ်ရှားစွမ်းဆောင်နိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ဖွဲ့စည်းခဲ့သည်။*

ခေါင်းကြီး (စာမျက်နှာ-၂)

* *မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့်မူ မည်သူမည်ဝါကပင် ကူညီသည်ဖြစ်စေ၊ မကူညီသည်ဖြစ်စေ၊ အကောင်းမြင်သည်ဖြစ်စေ၊ အဆိုးမြင်သည်ဖြစ်စေ မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေးလုပ်ငန်းစဉ်အား အရှိန်အဟုန်မပျက် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်သာဖြစ်သည်။*

စိုးချစ်မောင်(မြောက်ဒဂုံ)၏ **"အချိန်တိုတိုအတွင်း အောင်မြင်စေလိုလျှင်"** ဆောင်းပါး (စာမျက်နှာ-၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၇-၇-၂၀၀၅
(တနင်္ဂနွေနေ့)

လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ လုပ်ငန်းစဉ်များနှင့်အညီ မြန်မာနိုင်ငံက တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိ

၂၀၀၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင်လ ၁၅ ရက်နေ့က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍အမှာစကားပြောကြားသည်။

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် **မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့စသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေပြီး လူဦးရေဆိုင်ရာ လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် တက်ကြွသည့်အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း** ပြောကြားသွားသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများကို အထူးအလေးအနက်ထားပြီး နှစ်စဉ်မပျက် ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် (၁၆)ကြိမ်မြောက်သို့ရောက်ရှိခဲ့ပြီဖြစ်သည်။ ၂၀၀၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့၏ ဆောင်ပုဒ်မှာ **အမျိုးသမီးများအရေးပါမှု အလေးထား၊ ကမ္ဘာမြေဖွံ့ဖြိုးမှုအတွက် စွမ်းဆောင်အား** ဖြစ်သည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့လူဦးရေမှာ သန်းပေါင်း ၆၅၀၀ ရှိနေပြီဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့အဆိုအရ ကမ္ဘာကြီးတွင် ကျောင်းပြင်ပရှိ ကလေး ၁၂၁သန်းအနက် ၆၅ သန်းမှာ မိန်းကလေးများဖြစ်ကြသည်။ တစ်ကမ္ဘာလုံးတွင် အမျိုးသမီးစာမတတ်သူမှာ သန်း ၆၀၀ရှိပြီး အမျိုးသားစာမတတ်သူမှာ သန်း ၃၂၀ခန့် ရှိသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၄ ဒသမ ၃ သန်း နေထိုင်လျက်ရှိပြီး အမျိုးသား ၂၇ သန်းနှင့် အမျိုးသမီး ၂၇ ဒသမ ၃သန်း ရှိသည်။ နိုင်ငံတော်တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရရှိနေသဖြင့် လူနေမှုအဆင့်အတန်းမှာလည်း မြင့်မားလာလျက်ရှိသည်။ နိုင်ငံတော် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့်ဒေသအသီးသီး၏ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းလာပြီး မြို့ပြနှင့်ကျေးလက်ဒေသများမှာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် ရှေးကာလကပင် အမျိုးသားများနှင့်တန်းတူရည်တူ အခွင့်အရေးများကို တရားဝင်ခံစားခဲ့ကြရသည်။ သမိုင်းစဉ်တစ်လျှောက် မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ဖွံ့ဖြိုးရေးအတွက် အမျိုးသားများနှင့်အတူ ရင်ပေါင်တန်း ပါဝင်စွမ်းဆောင်ခဲ့ကြသည့် အစဉ်အလာရှိကြသည်။ ယခုအခါ နိုင်ငံတော်အစိုးရက မြန်မာအမျိုးသမီးများ၏ ထက်မြက်သည့် စွမ်းဆောင်ရည် စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် အားပေးပျိုးထောင်လျက်ရှိရာ အမျိုးသမီးများအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် လူမှုရေးနယ်ပယ်အသီးသီးတွင် အမျိုးသားများနှင့် တန်းတူရည်တူ ပါဝင်ဆောင်ရွက်နေကြပြီဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံနှင့် နိုင်ငံတကာ အမျိုးသမီးညီလာခံများနောက်ပိုင်းတွင် မြန်မာအမျိုးသမီးများသည် အမျိုးသားရေးစွမ်းအားစုတစ်ရပ်အနေဖြင့် စနစ်တကျလှုပ်ရှားစွမ်းဆောင်နိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကိုဖွဲ့စည်းခဲ့သည်။

မြန်မာအမျိုးသမီးများအတွက် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်သည့်အနေဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက် ထိန်းသိမ်းနိုင်ရေး၊ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်နိုင်ရေးနှင့် အမျိုးသမီးထုကြီးတစ်ရပ်လုံး၏ အရေးအရာကိစ္စရပ်များကို ထိရောက်စွာ တိုးမြှင့်လွှမ်းခြုံဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ကြိုးပမ်းလျက်ရှိသည်။

ထို့အပြင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကလည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်သော အရည်အသွေးမီ မျိုးဆက်ပွား ကျန်းမာရေး အကြံပေးမှုများနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် မျိုးဆက်ပွားကျန်းမာရေး၊ ပျိုရွယ်သူများ၏ မျိုးဆက်ပွားကျန်းမာရေးနှင့် ကူးစက်ပြန့်ပွားနိုင်သည့် ရောဂါဆိုင်ရာသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း စဉ်ဆက်မပြတ် ကျင်းပပေးနေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံလုပ်ငန်းစဉ်များ၊ မူဝါဒများနှင့်အညီ လူဦးရေဆိုင်ရာ လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ရာ၌ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)ရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ရန်ကုန်တိုင်း)

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ် ဝေလွင်၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့်အဖွဲ့ဝင်များ၊ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်/ ကောလိပ်များမှ မော်ကွန်းထိန်းများ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ မော်ကွန်းထိန်းများ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် ကူညီဖြည့်ဆည်းပေးစေလိုသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်က ယာဉ်တိုက်ခိုက်မှုများ လျော့နည်းကျဆင်းစေရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျ လိုက်နာကြစေရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ခရီးသွား ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မော်တော်ယာဉ်များအား CNG သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အဖြစ်ပြောင်းလဲ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလှုပ်ရှားမှု အခမ်းအနားကို ဇွန် ၂၉ရက်က အထက(၁) ကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်က လူမှုဝန်ထမ်းဦးစီးဌာန ကန်ရိပ်သာမူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်ဝင်းသို့ ကလေးငယ်များအတွက် ခြင်ထောင်များ ပေးအပ်လှူဒါန်းစဉ်။

(၃၂)

အနုတ္တလက္ခဏာသုတ် သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်းရှိ ဓမ္မဇျူဟာသာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များ ဆိုင်ရာ ဓမ္မစာပေ သင်တန်းကျောင်းတွင် အနတ္တလက္ခဏသုတ်တော် သင်တန်းကို သင်တန်းမှူးဓမ္မဇျူဟာ ဒေါ်ခင်လှတင်(သဒ္ဓမ္မဇောတိကဓဇ)က ဓမ္မဒါန ပို့ချမည် ဖြစ်သည်။

သင်တန်းများကို ဇူလိုင် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ ပို့ချမည် ဖြစ်သည်။ (က-ပ)

ကျေးရွာချင်းဆက် ချောင်းကူးတံတား ပြုပြင်ရန် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ကသောင်- လက္ခဏကျေးရွာချင်းဆက် ချောင်းကူး (နော်ရင်မွေး) တံတား ပြန်လည်ပြုပြင်မွမ်းမံရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စံပြသာသနာပြုကျောင်းတိုက်၌ကျင်းပရာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် စံပြသာသနာပြုကျောင်း ဆရာတော်နှင့် ပင့်သံဃာတော်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စံပြသာသနာပြုကျောင်းဆရာတော်ထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တံတား ပြန်လည်မွမ်းမံပြုပြင်ရေးအဖွဲ့နာယက စံပြသာသနာပြုကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ကောသလ္လက အဖွင့်ဩဝါဒကထာ မိန့်ကြားတော်မူကာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားသည်။

ထို့နောက် အလှူငွေ ပေးအပ်ပွဲ ကျင်းပရာ အလှူရှင် ၅၇ ဦးတို့က စုပေါင်းအလှူငွေ ကျပ် ၉၁၉၃၂၀၀ကို လှူဒါန်းကြကြောင်းနှင့် တံတား ပြုပြင်တည်ဆောက်မှုကို လာမည့် အောက်တိုဘာလတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သော စည်းရုံးရေး(အခြေခံ)သင်တန်း အမှတ်စဉ်(၁/၂၀၀၅) ဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သော စည်းရုံးရေး(အခြေခံ)သင်တန်း အမှတ်စဉ် (၁/၂၀၀၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဆရာစံလမ်းရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အထွေထွေ အတွင်းရေးမှူးနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ သင်တန်းကြီးကြပ်ရေး ကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသူများ ဖြစ်ကြသည့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့အသီးသီးမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က သင်တန်းဆင်း အမှာစကားပြောကြားရာတွင် မြန်မာအမျိုးသမီးများ အနေဖြင့် မိမိတို့၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းများနှင့် စွမ်းရည်များကို အမျိုးသားရေးစွမ်းအားစုကြီး အဖြစ် ပေါင်းစပ်စုစည်းပြီး ပိုမို အောင်မြင်ဖြစ်ထွန်းအောင် စွမ်းဆောင်သွားကြရန်၊ ရည်ရွယ်ချက်ချင်းတူညီသော အခြားသော အစိုးရမဟုတ်သည့် လူမှုရေးအသင်းအဖွဲ့များနှင့်လည်း လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန်၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် ပေါ်ထွန်းလာအောင် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့် တစ်စိတ်တည်း တစ်ဝမ်းတည်း လက်တွဲဖော်ဆောင်သွားကြရန်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်အသွင် ကူးပြောင်းရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အစဉ်နိုးကြားတက်ကြွစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြရန်၊ သင်တန်းမှ ရရှိလိုက်သော အသိပညာ၊ ကျွမ်းကျင်မှုနှင့် အလေ့အကျင့်ကောင်းများကို မိမိတို့ဒေသ အသီးသီး၌ အကောင်အထည်ဖော်ရင်း အမျိုးသမီး ဘဝမြှင့်တင်ရေး ကဏ္ဍများတွင် ဦးဆောင်မည့် စည်းရုံးရေး စွမ်းရည်ထက်မြက်သော အမျိုးသမီးရေးရာ စည်းရုံးရေးမှူးကောင်းများ ဆင့်ပွားလေ့ကျင့်မွေးထုတ်ကြရန် အကျယ်တဝင့် မှာကြားသည်။

အောင်လက်မှတ်ပေးအပ်

ယင်းနောက် သင်တန်းဆင်းအောင်လက်မှတ်များကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းတို့က ပြည်နယ်နှင့်တိုင်း အသီးသီးမှ သင်တန်းသူကိုယ်စားလှယ်များအား ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းကာလ

ယင်းသင်တန်းသို့ ပြည်နယ်နှင့်တိုင်းအမျိုးသမီးရေးရာ အဖွဲ့အသီးသီးမှ သင်တန်းသူ ၅၁ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်သည်။

(သတင်းစဉ်)

ပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သော စည်းရုံးရေး (အခြေခံ)သင်တန်း အမှတ်စဉ်(၁/၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။

(အမျိုးသမီးရေးရာ)

နယ်ချဲ့လက်သစ် သူဖြစ်ချင်တာ

✦ ပြောချင်ရာပြော၊ မင်းပြောတာက
သဘာဝကျ၊ လွန်သင့်မှုလည်း
ငါကလိုလား၊ ငါပြောထားသော
သဘောမပါ၊ ဖြစ်နေပါက
ငါကသိမှတ်ပြုမည်မဟုတ်ပါ။

✦ ပြချင်ရာပြ၊ မင်းပြသမျှ
လှနေကြလည်း၊ ငါကလိုလား
ပုံစံများနှင့်၊ ကွဲပြားမင့်ဟာ
ဖြစ်နေပါက
ငါကသိမှတ်ပြုမည် မဟုတ်ပါ။

✦ လုပ်ချင်ရာလုပ်၊ ငါလုပ်ချင်တာ
မင်းမပါက၊ မင့်ဟာဘယ်မျှ
ကောင်းနေကလည်း
ငါကသိမှတ်ပြုမည် မဟုတ်ပါ။

✦ အေး-မြဲမြဲမှတ်ထား၊ မင့်စကားနဲ့
မင်းရဲ့ပြကွက်၊ လုပ်ဆောင်ချက်တွေ
မသွေဆက်တိုက်၊ ငါ့စိတ်ကြိုက်သာ
ဖြစ်နေပါက၊ မင့်ဘဝကို
ငါကချီးမြှောက်၊ မင့်နောက်ကနေ
ငါစေသမျှ၊ ဆက်လုပ်ပြပေါ့
ငါကမင့်ကို၊ မငြိုမငြင်
ကယ်တင်သွားမှာ မင်းမှတ်ပါ။ ။

ပျံလွှား

ဒဂုံပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၆

ဒဂုံမြို့နယ် ဒဂုံပရိယတ္တိစာသင်တိုက်ကြီးတွင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏာနန္ဒ မဟာထေရ်ဆရာတော်ကြီး အမှူးပြုသော ဝါဆိုသံဃာအပါး ၈၀ကျော်တို့အား ပရိယတ္တိ သဒ္ဓမ္မဟိတဥပဋ္ဌာကအဖွဲ့မှ ဦးဆောင်၍ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၁ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ သင်္ကန်းတစ်စုံလျှင် ကျပ် ၃၁၅၀ ဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဇွန် ၂၄ ရက်က လှိုင်မြို့နယ် ရတနာမွန်အိမ်ရာ တိုက်(၆/ခ) အခန်း (၁၀၂)နေ ဦးလှိုင်-ဒေါ်ဝင်းကြည်မိသားစုတို့က လှိုင်သာယာမြို့နယ် ရတနာသိင်္ဂီ သီလရှင်စာသင်တိုက် မြတ်ကံသာကျောင်း ဘုရားခန်းအတွက် အလှူငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ သီလရှင်ဆရာကြီး ဒေါ်ထေရာနန္ဒီနှင့် ဒေါ်မာလာရီတို့က လက်ခံယူစဉ်။ (က-ပ)

ဖြူးမဟာစည်ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၆

ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ (ဓမ္မကထိကဗဟုဇနဟိတဓရ၊ သာသနဓဇ ဓမ္မာစရိယ) သီတင်းသုံးတော်မူရာ လှိုင်မြို့နယ် (၅)ရပ်ကွက် ကမာရွတ်ဘူတာအနီး အေးရိပ်မွန်အပိုင်း(၁) ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ၌ ဝါကပ်တော်မူကြသော သံဃာတော်အရှင်သူမြတ်တို့အား ၁၃၆၇ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်၊ ဇူလိုင် ၂၁ရက် (ကြာသပတေးနေ့)၌ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ ဖုန်း-၆၈၂၇၁၁၊ ၅၀၁၈၄၆(လိုင်းခွဲ) ၁၈၁ တို့သို့ ဆက်သွယ်၍ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

တိုင်းရင်းဆေး လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၆

မိခင်တိုင်းရင်းဆေးဝါး ထုတ်လုပ်ကုသဖြန့်ချိရေးမိသားစု၏ ဝါတွင်းသုံးလ လပြည့်၊ လကွယ်နေ့တိုင်း ဆေးအလှူပွဲကို ဗိုလ်တထောင်စေတီတော်အနီး ဆိပ်ကမ်းမြို့နယ် ဗိုလ်တထောင်ဘုရားဈေးတန်း အမှတ် (၇၆၊ ၇၇)ရှိ မိခင်တိုင်းရင်းဆေးခန်းတွင် ကျင်းပမည်ဖြစ်ရာ ဝေဒနာရှင်များအား ဆေးလှူဒါန်း၍ ရောဂါများ ကုသပေးမည်ဖြစ်သဖြင့် ဆေးခန်း ဖုန်း-၂၉၆၆၄၇ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြသည်ဟု သိရသည်။ (၃၁)

MRTV-4 ချပ်မြင်သံကြားအစီအစဉ်

၁၇-၇-၂၀၀၅ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	မြန်မာနိုင်ငံရဲ့စပါးကျီ တိုင်းဧရာဝတီ
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	Sunday Talk(21)
၈း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	ရွှေထည်ပြုလုပ်ခြင်းအနုပညာ
၈း၄၅	ပြည်တွင်းသတင်းအကျဉ်း
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ရှုချင်စရာမျက်လှည့်ပဒေသာ(၂)
၉း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၀	အမှတ်(၃)သတ္တုတွင်းလုပ်ငန်း(သာစည်ဘရိုက်တီး)
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	မိုးလေဝသခန့်မှန်းချက်
၉း၄၀	ဗီစီဒီလှိုင်းခတ်သံ(မိုးစက်နှင်းဆီသို့တမ်းချင်း)
၉း၄၅	တေးဂီတအစီအစဉ်
၁၀း၀၅	သစ်တောသယံဇာတစာရင်းကောက်ခြင်း
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ(၄)ကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကျေးလက်ဒေသ
ဖွံ့ဖြိုးဖို့
စပါးခင်းမှာ
ငါးမွေးစို့

တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော ၂၀၀၅ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၁ ရက်က အထက(၁) သီရိရတနာခန်းမတွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းက ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။

(၆၃)

ဂါဇာလေဆိပ် ပြန်လည်တည်ဆောက်ရန် ယူရိုသန်း ၃၀ လိုအပ် ပြင်ဆင်ပြီးပါက ယာဆာ အာရာဖတ်လေဆိပ်ဟု ပြောင်းလဲခေါ်တွင်မည်

ဂါဇာ ဇူလိုင် ၁၅

ဂါဇာကမ်းမြောင်ဒေသတွင် ၁၉၉၈ ခုနှစ်က တည်ဆောက်ခဲ့သော ဂါဇာလေဆိပ်ကို ပြန်လည်ပြင်ဆင်မွမ်းမံရန် ယူရိုငွေသန်း ၃၀ (အမေရိကန်ဒေါ်လာ ၃၉ သန်း) ကျခံသုံးစွဲရန်လိုအပ်ကြောင်း ပါလက်စတိုင်း အထက်တန်းတာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

ပြုပြင်မွမ်းမံ

ဂါဇာလေဆိပ်၏ လေယာဉ်ပြေးလမ်းပြန်လည်ပြင်ဆင်ခြင်းနှင့် လေဆိပ်အဆောက်အအုံများကို ပြုပြင်မွမ်းမံခြင်းတို့အတွက် ယူရိုသန်း ၃၀ အသုံးပြုရန်လိုအပ်သည်ဟု နိုင်ငံခြားကျွမ်းကျင်သူပညာရှင်များက ခန့်မှန်းကြောင်း ပါလက်စတိုင်း မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့ အကြီးအကဲ ဗိုလ်မှူးချုပ်ဆယ်လ်မန်အဘူဟာလီဘ်က ပြောကြားသည်။

တွေ့ကြုံခဲ့ရ

ဂါဇာလေဆိပ်သည် ပါလက်စတိုင်းလူမျိုးတို့၏ အင်တီဖာဒါ (အစ္စရေးဆန့်ကျင်ရေးလှုပ်ရှားမှု) ကာလအတွင်း အစ္စရေးတပ်ဖွဲ့၏ ပစ်ခတ်ဖျက်ဆီးမှုများနှင့် တွေ့ကြုံခဲ့ရသည်။

၁၉၉၈ ခုနှစ်တွင် ဂါဇာလေဆိပ်ကို ဂျာမနီနှင့် စပိန်နိုင်ငံတို့မှ ထည့်ဝင်သော ငွေကြေးရန်ပုံငွေနှင့် အစ္စလာမ္မစ်ဘဏ်မှထုတ်ပေးသော ချေးငွေများဖြင့် တည်ဆောက်ခဲ့သည်။

ခေါ်တွင်စေ

ပါလက်စတိုင်း မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့သည် ဂါဇာလေဆိပ်ကို ပြန်လည်မွမ်းမံရန် အသင့်ရှိကြောင်း ယင်းလေဆိပ်ကို ယာဆာအာရာဖတ် နိုင်ငံတကာလေဆိပ်ဟု ခေါ်တွင်စေမည်ဖြစ်ကြောင်း အဘူဟာလီဘ်က ပြောကြားသည်။

အစ္စရေးနိုင်ငံက ဂါဇာဒေသမှ ပြန်လည်ရုပ်သိမ်းသည့် အစီအစဉ်ကို အကောင်အထည်ဖော် ပြီးနောက် ပါလက်စတိုင်း အာဏာပိုင်အဖွဲ့က ပင်လယ်ဆိပ်ကမ်းများ တည်ဆောက်ခြင်းလုပ်ငန်းနှင့် လေဆိပ်ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းတို့ကို လုပ်ကိုင်နိုင်ကြောင်း လွန်ခဲ့သည့် ရက်သတ္တပတ်အနည်းငယ်က ပါလက်စတိုင်း ခေါင်းဆောင် မာမွတ်အဘတ်စ်နှင့် တွေ့ဆုံခဲ့ရာတွင် အစ္စရေးဝန်ကြီးချုပ် အာရီယယ်ရှာရွန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ကားဗုံးဖောက်ခွဲမှု ဖြစ်ပွားခဲ့သည့်နေရာ၌ အပျက်အစီးများ ရှင်းလင်းနေသော အီရတ်တစ်ဦးကို ဇူလိုင် ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကျူးဘားနှင့် ဂျမေကာသို့ ကယ်ဆယ်ရေးပစ္စည်းများ ဗင်နီဇွဲလားပေးပို့

ကာရာကက်စ် ဇူလိုင် ၁၅

ဒင်းနစ်အမည်ရှိ ဟာရီကိန်းမုန်တိုင်းသည် ကျူးဘားနိုင်ငံနှင့် ဂျမေကာနိုင်ငံများတွင် ပြင်းထန်စွာကျရောက်ခဲ့သည်။ အဆိုပါနှစ်နိုင်ငံသို့ ဗင်နီဇွဲလားအစိုးရက ကယ်ဆယ်ရေးပစ္စည်း ခြောက်တန်ကို ကူညီထောက်ပံ့ခဲ့သည်ဟု အရပ်ဘက် အန္တရာယ်ကာကွယ်ရေး ညွှန်ကြားရေးမှူး အန်တိုနီအိုရီဗီယိုက တနင်္လာနေ့တွင် ပြောကြားသည်။

ဗင်နီဇွဲလားလေတပ်မှ ဟာကျူလီစီ-၁၃၀ ကုန်တင်လေယာဉ်ဖြင့် တနင်္လာနေ့တွင် ထိုနိုင်ငံများသို့ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ခဲ့သည်။ ထိုကယ်ဆယ်ရေးပစ္စည်းများတွင် ရေသန့်ဘူး၊ မွေ့ရာ၊ စောင်နှင့် မီးအိမ် စသည်တို့ ပါဝင်သည်ဟု ၎င်းက ဆိုသည်။

အဆိုပါ ကယ်ဆယ်ရေးပစ္စည်းများနှင့်အတူ ဆီမွန်ဗိုလီဗာ လူသားချင်းစာနာထောက်ထားရေးအဖွဲ့မှ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်ပညာရှင်များလည်း လိုက်ပါသွားကြသည်။ ၎င်းတို့သည် မုန်တိုင်းကြောင့် ပျက်စီးသွားသော ပစ္စည်းတန်ဖိုးနှင့် ထပ်မံ၍ အကူအညီလိုအပ်ပါက ပေးပို့ရမည့် ပစ္စည်းများကို ဆုံးဖြတ်နိုင်ရန်အတွက် လိုက်ပါသွားကြခြင်းဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြီးခဲ့သော စနေနေ့တွင် ဗင်နီဇွဲလားနိုင်ငံက ကယ်ဆယ်ရေးပစ္စည်း ၁၀ တန်ကို ဂျမေကာနိုင်ငံသို့ ပေးပို့ကူညီထားပြီးဖြစ်သည်။

ဒင်းနစ် ဟာရီကိန်းမုန်တိုင်းသည် ပြီးခဲ့သော ရက်သတ္တပတ်တွင် ကာရေဘီယံဒေသ၌ မွှေနှောက်တိုက်ခတ်ခဲ့သည့်အတွက် အနည်းဆုံး လူ၁၆ဦး သေဆုံးပြီး ပျက်စီးဆုံးရှုံးမှု အမြောက်အမြားရှိသည်။ ကျူးဘားနိုင်ငံနှင့် ဂျမေကာနိုင်ငံတို့သည် အဆိုပါ ဒင်းနစ်ဟာရီကိန်းမုန်တိုင်းဒဏ်ကို ပြင်းထန်စွာခံခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တွင် ကားဗုံးဖောက်ခွဲ အနည်းဆုံး ၂၄ ဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၅

ဘဂ္ဂဒက်မြို့တော်တွင် ဇူလိုင် ၁၃ ရက်က ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု တစ်ခု ဖြစ်ပွားရာ အနည်းဆုံးလူ ၂၄ ဦး အသက်ဆုံးရှုံးပြီး ၁၈ဦးခန့် ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့မှ လာသော သတင်းများကဆိုသည်။

ဖောက်ခွဲ

ကားဗုံးဖောက်ခွဲသူသည် အမေရိကန် ဟမ်းဗီး ယာဉ်တစ်စီးအနီး ချဉ်းကပ်လာပြီး ဖောက်ခွဲတိုက်ခိုက်လိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

နှိုးဆော်

အဆိုပါဒေသတွင် ကားဗုံးဖောက်ခွဲမည်ဆိုသော သတင်းကြောင့် လူအများကို အိမ်ပြင်မထွက်ကြရန် နှိုးဆော်မှုများလည်းရှိကြောင်း အခင်းဖြစ်ပွားရာဒေသမှ လူများကဆိုကြသည်။

အသက်ဆုံးရှုံး

အစောပိုင်းကဖြစ်ပွားသော ကားဗုံးခွဲမှုတွင် အမေရိကန် ယာဉ်တန်းနှင့် လိုက်ပါလာသူ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီး အခြားခုနစ်ဦး အသက်ဆုံးရှုံးသွားကြသည်။ ထိုပေါက်ကွဲမှုအတွင်း အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး အပါအဝင် အခြားလူအများအပြားလည်း ဒဏ်ရာရရှိသွားကြကြောင်းသိရသည်။

ယင်းပေါက်ကွဲမှုကြောင့် အနီးအနားရှိ အိမ်တစ်လုံးမှာလည်း မီးစွဲလောင်ခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အကြမ်းဖက်တိုက်ခိုက်မှု ကုလသမဂ္ဂ ဦးဆောင်တိုက်ဖျက်ရန် စပိန်နိုင်ငံဝန်ကြီးချုပ် တိုက်တွန်းနှိုးဆော်

မဒရစ် ဇူလိုင် ၁၅

ကုလသမဂ္ဂ ဦးဆောင်၍ အကြမ်းဖက်တိုက်ခိုက်မှုအား ကမ္ဘာတစ်ဝန်းတွင် တိုက်ဖျက်သွားရေးအတွက် စပိန်ဝန်ကြီးချုပ် ဇပါတီရိုက စနေနေ့တွင် တိုက်တွန်းနှိုးဆော်လိုက်သည်။ စပိန်နှင့် ဗြိတိန်နိုင်ငံတို့သည် အယ်လ်ခိုင်ဒါ အကြမ်းဖက်အုပ်စု၏ ဗုံးဖောက်ခွဲမှုလက်ချက်ကိုခံစားခဲ့ရပြီးနောက် ယင်းသို့ပြောကြားခြင်းဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်မှုသည် ကမ္ဘာတစ်ဝန်းလုံးနှင့်ဆိုင်သည့် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရောက်ရှိလာပြီး ကမ္ဘာတစ်ဝန်း၏ တုံ့ပြန်မှုကို လိုအပ်နေကြောင်း၊ ကုလသမဂ္ဂအနေဖြင့် အကြမ်းဖက် တိုက်ခိုက်မှုများကို တိုက်ဖျက်ထိန်းချုပ်နိုင်ရေးအတွက် တစ်စိတ်တစ်ဝမ်းတည်းဆောင်ရွက်သွားရန် ဇပါတီရို၏ ပြောကြားချက်ကို စပိန်မီဒီယာ သတင်း ဌာနက ကိုးကားဖော်ပြသည်။

အကြမ်းဖက်တိုက်ခိုက်မှုသည် နိုင်ငံတကာ မိသားစုအသိုက်အဝန်း၏ စုပေါင်းကြိုးပမ်းမှုကြောင့် ရှုံးနိမ့်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးသည် လုံခြုံရေးပြဿနာများအတွက် မရှိမဖြစ် လိုအပ်ပြီး ထောက်လှမ်းရေးဌာန၊ ရဲတပ်ဖွဲ့နှင့် တရားရေးဌာနအတွင်း ပိုမိုကောင်းမွန်သည့် ဆက်သွယ်မှုများအပေါ် မူတည်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

လန်ဒန်တွင် ဇူလိုင် ၇ ရက်က ဗုံးဖောက်ခွဲမှုကြောင့် သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူ မိသားစုများအတွက် စာနာထောက်ထားမှုရှိကြောင်း ဇပါတီရိုက ထုတ်ဖော်ပြောကြားသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အကြမ်းဖက်မှုဘေးအန္တရာယ် ဘာလင်မြို့သားများ စိုးရိမ်

ဘာလင် ဇူလိုင် ၁၅

ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်တွင် ဇူလိုင် ၇ ရက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုမျိုး မြို့တော်ဘာလင်တွင် အလားတူဖြစ်ပွားနိုင်မှုကို ဂျာမန်ပြည်သူထက်ဝက်ကျော်က စိုးရိမ်ပူပန်လျက်ရှိကြောင်း ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သည့် လူထုသဘောထားစစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဂျာမန်ပြည်သူ ၅၁ ရာခိုင်နှုန်းသည် အကြမ်းဖက်တိုက်ခိုက်မှု၏ ပစ်မှတ်ဖြစ်လာမည်ကို စိုးရိမ်ပူပန်လျက်ရှိကြောင်း၊ ၄၉ ရာခိုင်နှုန်းမှာမူ ယင်းသို့သော အကြမ်းဖက်တိုက်ခိုက်မှုမျိုးအတွက် စိုးရိမ်ပူပန်ခြင်းမရှိကြောင်း စတန်းမဂ္ဂဇင်းနှင့် အာရ်တီအယ်လ်ရုပ်မြင်သံကြားဌာနတို့ကပြုလုပ်သည့် စစ်တမ်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒင်းနစ်မုန်တိုင်း ကာရေဘီယံဒေသတွင် တိုက်ခတ်ခဲ့ ဟေတီတွင် လူ ၂၅ ဦးသေဆုံးပြီး ၁၆ ဦး ပျောက်ဆုံးနေ

ဟာဗားနား ဇူလိုင် ၁၅

ကာရေဘီယံဒေသတွင် ဒင်းနစ်မုန်တိုင်း တိုက်ခတ်သွားသည့်အတွက် ဟေတီနိုင်ငံတွင် လူ ၂၅ ဦး သေဆုံးပြီး ၁၆ ဦး ပျောက်ဆုံးနေကြောင်း မြို့တော်ပို့အော်ပရင့်စ်မှ လာသော သတင်းများအရ သိရသည်။

ဟာရီကိန်းမုန်တိုင်းသည် ဇူလိုင် ၈ ရက်က ဟေတီကျွန်းနိုင်ငံကို ဖြတ်သန်းတိုက်ခိုက်သွားရာ လူ ၂၂ ဦး ထိခိုက်ခံခဲ့ရပြီး လူပေါင်း ၁၅၀၀၀ တို့ အတိဒုက္ခရောက်ကာ အိုးအိမ် ၆၀၉ လုံးတို့ လုံးဝပျက်စီးသွားခဲ့ရကြောင်း အရပ်ဘက်သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။ ထိုမုန်တိုင်းကြောင့် အခြားသော အဆောက်အအုံ ၁၀၀၀ ကျော်တို့မှာလည်း ထိခိုက်ခဲ့ရသည်ဟု ဆိုသည်။ အထိအခိုက်နှင့် အပျက်အစီးစာရင်းများကို ကောက်ခံပြုစုနေဆဲ အခြေအနေတွင်သာရှိသဖြင့် ထိုစာရင်းများမှာ ထပ်မံမြင့်တက်လာနိုင်ကြောင်းသိရသည်။

မုန်တိုင်းကြောင့် နိုင်ငံ၏အနောက်တောင်ပိုင်း ဂရင်အင်စီအရပ်မှာ အဆိုးရွားဆုံးဖြစ်သည်။ လူ ၁၁ ဦး သေဆုံးပြီး ငါးဦးပျောက်ဆုံးခဲ့ရသည်။ မြို့တော်တောင်ပိုင်း ဂရင်ဂိုဗီ၌လည်း တံတားကျိုးခဲ့ရသည့်အတွက် လူ ကိုးဦး သေဆုံးပြီး ခြောက်ဦးပျောက်ဆုံးခဲ့ရပြန်သည်။

ဒင်းနစ်မုန်တိုင်းသည် ယခုနှစ်မုန်တိုင်းရာသီတွင် ကာရေဘီယံဒေသ၌ အကြီးမားဆုံး ပျက်စီးဆုံးရှုံးစေသော မုန်တိုင်းတစ်ခုဖြစ်ကြောင်း သတ်မှတ်ထားကြသည်။ ထိုမုန်တိုင်းကြောင့် ကျူးဘားနိုင်ငံတွင် အနည်းဆုံးလူ ၁၆ ဦး သေဆုံးရပြီး ငွေကြေးတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံဆုံးရှုံးသွားကြောင်း သတင်းများက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်နိုင်ငံတွင် မျက်စိဘဏ် ဖွင့်လှစ်ထူထောင်မည် ဆေးပညာအဖွဲ့နှင့် အောဘစ်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်

ဟန္နိုင်း ဇူလိုင် ၁၅

ဗီယက်နမ်နိုင်ငံတွင် မျက်ကြည်လွှာ အစားထိုးကုသရေးလုပ်ငန်းများ ပြုလုပ်ရာ၌ လွယ်ကူမှုရှိစေရန် ပထမဦးဆုံးသော မျက်စိဘဏ်ဖွင့်လှစ်တည်ထောင်မည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့ထုတ် ဆင်ဟွာသတင်းတွင် ဖော်ပြခဲ့သည်။

အဆိုပါ မျက်စိဘဏ် ဖွင့်လှစ်ရေး လုပ်ငန်းကို ဗီယက်နမ်အမျိုးသားမျက်စိဆိုင်ရာ ဆေးပညာ အဖွဲ့အစည်းနှင့် အောဘစ်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။ ထိုစီမံကိန်း ဆောင်ရွက်မည့်ကာလမှာ ၂၀၀၅-၂၀၀၉ ခုနှစ်အတွင်း အပြီးဆောင်ရွက်ရန်ဖြစ်ပြီး မျက်စိကုသရေးဆိုင်ရာ လေ့ကျင့် သင်တန်းပေးမှုများလည်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဟန္နိုင်မြို့ ပြည်ပ ဆက်သွယ်ရေးရာ ဗျူရိုမှလာသော သတင်းက ဆိုသည်။

ပူးတွဲ

အောဘစ်အဖွဲ့အစည်းသည် အမြတ်အစွန်းရရှိရေးအတွက် ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခု မဟုတ်ဘဲ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးတွဲ၍ မျက်စိမမြင်သည့်အဖြစ်များကိုပပျောက်အောင် ဆောင်ရွက်ပေးနေသော အဖွဲ့အစည်းဖြစ်သည်။

ထို့အပြင် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များ၏ ကျွမ်းကျင်မှုကို မြှင့်တင်ပေးနေသော အဖွဲ့အစည်းလည်း ဖြစ်သည်။ ယခု ဗီယက်နမ်တွင် ဆောင်ရွက်မည့် မျက်စိဘဏ်ကိစ္စကို အောဘစ်အဖွဲ့မှ နည်းပညာနှင့် ဘဏ္ဍာရေး အကူအညီများ ပေးမည့်အပြင် မျက်ကြည်လွှာ ၃၀၀ကိုလည်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုစီမံကိန်းသက်တမ်း ကုန်ဆုံးသွားသောအခါ ဗီယက်နမ် ပညာရှင်များသည် ယင်းလုပ်ငန်းကို ကိုယ့်အားကိုယ်ကိုး၍ ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် ဗီယက်နမ်နိုင်ငံ၏ မျက်စိကုသရေးလုပ်ငန်းများသည် ပြည်ပမျက်စိဘဏ်များကို အားကိုးကာ လုပ်ငန်းများကို ဆောင်ရွက်နေရကြောင်း သိရသည်။

ကူညီ

အောဘစ်အဖွဲ့၏ အဆိုအရ ဗီယက်နမ်နိုင်ငံတွင် မျက်စိကွယ်နေသူပေါင်း ၉၅၀၀၀၀ မျှ ရှိသည်ဟု ဆိုသည်။ ထိုအဖွဲ့အစည်းသည် ဗီယက်နမ်အမျိုးသားမျက်စိဆိုင်ရာ ဆေးပညာအဖွဲ့၏ ကျွမ်းကျင်မှုကို မြှင့်တင်ပေးခြင်း၊ ကုသမှုအရည်အသွေးပိုမိုကောင်းမွန်လာစေခြင်း၊ မျက်စိတိမ်စွဲသည့် ဝေဒနာကို ကုသမှုပေးခြင်းနှင့် ကလေးလူမမယ် မျက်စိစောင့်ရှောက်ပေးခြင်း လုပ်ငန်းများကိုပါ ကူညီပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ



မလေးရှားနိုင်ငံရှိ မော်တော်ကား ထုတ်လုပ်သော စက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဇူလိုင် ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စင်ကာပူတွင် ဇနီးမောင်နှံ၌ အိပ်ချ်အိုင်ဗွီပိုး တွေ့လျှင် ကြင်ဖော်ကြင်ဖက်ကို ကျန်းမာရေးဌာနက အသိပေးတော့မည်

စင်ကာပူ ဇူလိုင် ၁၅

စင်ကာပူနိုင်ငံရှိ အိမ်ထောင်သည်များအနက် မိမိတို့၏ ကြင်ဖော်များတွင် အိပ်ချ်အိုင်ဗွီရောဂါပိုး ရှိနေကြောင်း စမ်းသပ်တွေ့ရှိရလျှင် ထိုဆေးစစ်ချက်ကို အိမ်ထောင်ဖက်ကိုပါ အသိပေးတော့မည်ဖြစ်ကြောင်း ချယ်နယ်နယူးစ်အေရှားက ဇူလိုင် ၁၃ ရက်နေ့တွင် ဖော်ပြခဲ့သည်။

ဆောင်ရွက်ပေး

ဤသို့ဆောင်ရွက်ခြင်းသည် အိပ်ချ်အိုင်ဗွီပိုး ပျံ့နှံ့မှုကို ကာကွယ်တားဆီးနိုင်ရန်နှင့်ရောဂါရှိနေသူများ၏ကြင်ဖော်ကြင်ဖက်များကိုလည်း ပိုမိုအကာအကွယ်ရရှိစေရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း စင်ကာပူနိုင်ငံ ကျန်းမာရေးအထက်တန်းဝန်ကြီး ဘာလာဂျီဆာဒါ ဆီဗန်ကပြောကြားသည်။

ဖွဲ့စည်းထား

အဆိုပါကိစ္စကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန အောက်တွင် အိပ်ချ်အိုင်ဗွီကာကွယ်တားဆီးရေးဌာနတစ်ခု သီးခြားဖွဲ့စည်းထားရှိသွား မည်ဖြစ်ကြောင်းသိရသည်။

ဆရာဝန်များအနေဖြင့် လူနာ၏ ကျန်းမာရေးမှတ်တမ်းကို လျှို့ဝှက်ထားရမည်ဖြစ်သော်လည်း ၎င်း၏ကြင်ဖော်ကြင်ဖက်ကို အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခြင်းမှ အကာအကွယ်ပေးနိုင်ရန် ထိုကိစ္စကိုအသိပေးရန်လိုအပ်သည်ဟုဆိုသည်။ ထို့အပြင်လူတစ်ဦးတွင် ခုခံအားကျ ရောဂါလက္ခဏာများ တွေ့ရလျှင် ထိုလူပုဂ္ဂိုလ်ကို အိပ်ချ်အိုင်ဗွီပိုး ရှိ၊ မရှိ စစ်ဆေးရန် ဆရာဝန်ကို အတင်းအကျပ် ပြုပိုင်ခွင့် အခွင့်အရေးကိုလည်း ပေးထားမည်ဖြစ်ကြောင်းသိရသည်။

စစ်ဆေးပေး

နောက်မကြာမီကာလတွင် စင်ကာပူ၌ လူသွားရည်ကိုအသုံးပြု၍ အိပ်ချ်အိုင်ဗွီပိုး စစ်ဆေးသည့် ကိရိယာများ အလွယ်တကူ ရရှိနိုင်တော့မည် ဖြစ်သည်။ ထိုကိရိယာဖြင့် စစ်ဆေးပါက အမေရိကန်ဒေါ်လာ ခြောက်ဒေါ်လာခန့် အကုန်အကျဖြင့် အဖြေရအောင် စစ်ဆေးပေးနိုင်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကုန်သွယ်ရေးဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေး စိုက်ပျိုးရေးကဏ္ဍ သဘောတူညီမှုရရှိ

တလျံ ဇူလိုင် ၁၅

ကုန်သွယ်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးတစ်ရပ်ကို တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော တလျံမြို့တွင် ဗုဒ္ဓဟူးနေ့က ကျင်းပသည်။ အဆိုပါ အစည်းအဝေးတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် သက်ဆိုင်နေသည့် ကုန်သွယ်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ သဘောတူညီချက်တစ်ရပ်ရရှိခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်ရေး ဆွေးနွေးပွဲများအတွက် အထောက်အကူရရှိကြမည်ဖြစ်သည်။

နိုင်ငံ ၂၀ ပါဝင်

ကုန်သွယ်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးတွင် ဘရာဇီးနိုင်ငံဦးဆောင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံ ၂၀ ပါဝင်သော အုပ်စု(ဂျီ-၂၀)က အဆိုပြုချက်တစ်ရပ်ကို တင်သွင်းရာ အမေရိကန်၊ ဥရောပသမဂ္ဂနှင့်ဂျပန်နိုင်ငံတို့ကသဘောတူညီကြသည်။ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်အခွန်များကိစ္စ တင်ပို့ကုန် ရောင်းချခြင်းနှင့်သက်ဆိုင်နေသော ကိစ္စရပ်များနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများအတွင်း လပေါင်းအတန်ကြာမျှ သဘောကွဲလွဲမှုများဖြစ်ပေါ်ခဲ့ပြီးနောက်မှ သဘောတူညီမှု ရရှိခြင်းဖြစ်သည်။

လမ်းစဖြစ်

ကုန်သွယ်ရေး အစည်းအဝေးတွင် တိုးတက်မှုများရရှိကြောင်း၊ မိမိတို့၏ မျှော်လင့်ချက်များ ပြည့်မီရန် လမ်းစပင်ဖြစ်ကြောင်း တရုတ် ကုန်သွယ်ရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) အဖွဲ့ဝင်နိုင်ငံ ၃၀ ကျော်မှ ဝန်ကြီးများသည် အစည်းအဝေး ဒုတိယနေ့တွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍမဟုတ်သည့် အခြားသော လုပ်ငန်းကဏ္ဍများအတွက် ဈေးကွက် ဖွင့်လှစ်ပေးရေးကိစ္စကို ဆွေးနွေးရန် စီစဉ်ထားကြောင်းတရုတ်တာဝန်ရှိသူကပြောကြားသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ မဟုတ်သော အခြားထုတ်ကုန်ပစ္စည်းများအတွက်အကောက်ခွန်နှုန်းထား လျှော့ချဖျက်သိမ်းရေး အစီအစဉ်နှင့်ပတ်သက်၍ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား သဘောကွဲလွဲမှုများ ရှိနေကြောင်းသံတမန်များက ပြောကြားခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်ပြည်သူပြည်သားများအင်တာနက်ကို ပိုမိုနှစ်သက် လူမှုရေးသိပ္ပံတက္ကသိုလ် လေ့လာရေးစာတမ်းတွင်ဖော်ပြ

ပေကျင်း ဇူလိုင် ၁၅

တရုတ်ပြည်သူပြည်သားများသည် ရုပ်မြင်သံကြား ကြည့်ရှုခြင်းထက် အင်တာနက်မှ ကောင်းနိုးရာရာ အစီအစဉ်များကို ရွေးချယ်ကြည့်ရှုနေရင်းဖြင့် အချိန်အသုံးပြုနေကြကြောင်း တရုတ် လူမှုရေးသိပ္ပံ တက္ကသိုလ်က ကြာသပတေးနေ့က ထုတ်ပြန်သည့် လေ့လာရေးစာတမ်း တစ်စောင်၌ ဖော်ပြထားသည်။

ယင်းလေ့လာရေး စာတမ်းအရ တရုတ်ပြည် မြို့ကြီးငါးမြို့မှ ပြည်သူပြည်သားများ၏ ၇၉ ရာခိုင်နှုန်းက သတင်းအချက်အလက်များအတွက် အင်တာနက် အသုံးပြုသည်ဟု ပြောကြားကြပြီး ၅၅ ဒသမ ၁ ရာခိုင်နှုန်းက အင်တာနက်တွင်သတင်းများဖတ်ရှုရန် အသုံးပြုသည်ဟု သိရသည်။ အင်တာနက် သတင်းပျမ်းမျှ ကြည့်ရှုချိန်နှင့် ရုပ်မြင်သံကြားပျမ်းမျှ ကြည့်ရှုသည့် အချိန်သည် ၂ ဒသမ ၇၃ နာရီနှင့် ၁ဒသမ ၂၉ နာရီဖြစ်သည်ဟုဆိုသည်။

အံ့အားသင့်စရာကောင်းသည့်အချက်မှာ ၆၃ ရာခိုင်နှုန်းသော ပြည်သူများက အီးမေး အစီအစဉ်ကို အသုံးပြုနေကြခြင်းပင်ဖြစ်သည်ဟု သုတေသီတစ်ဦးဖြစ်သူ ဂျူအိုလီယန်က ပြောကြားသည်။

၁၀ ဒသမ ၄ ရာခိုင်နှုန်းသော ပြည်သူတို့က အင်တာနက်ကို အဓိကအားဖြင့် အီးမေးပို့ရာ လက်ခံရာတွင် အသုံးပြုကြသည်။ ၆၅ ဒသမ ၉ ရာခိုင်နှုန်းက အင်တာနက်မှ သတင်းများဖတ်ရှုရာ အသုံးပြုကြပြီး ၆၂ ဒသမ ၂ ရာနှုန်းကမူ အင်တာနက်မှဂိမ်းကစားမှုများ ပြုလုပ်ကြသည်။ ပြည်သူအများစုက အင်တာနက်မှ ဖျော်ဖြေရေးအတွက် အသုံးပြုရန် စိတ်ဝင်စားမှုရှိကြသည်။ ၅၆ ဒသမ ၅ ရာခိုင်နှုန်းကမူ ဂီတနားသောတဆင်ရန်အတွက် အသုံးပြုကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နိုင်ငံ မီအီပြည်နယ် အိုဝါစီမြို့အနီး ပင်လယ်ပြင်တွင် ရေနံတင် သင်္ဘောနှင့် ကုန်တင်သင်္ဘောတို့တိုက်မိပြီးနောက် ရေနံတင်သင်္ဘော မီးလောင်နေသည်ကို ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



နီပေါလိုင်းခွဲ(၁)ရုပ်မြင်သံကြားချန်နယ် ထုတ်လွှင့်မှု ပြန်လည်စတင်ရန် ခွင့်ပြု

ခတ္တမန္ဒူ ဇူလိုင် ၁၅

အိန္ဒိယအခြေစိုက် နီပေါရုပ်မြင်သံကြားဌာနဖြစ်သော နီပေါလိုင်းခွဲ(၁)အမည်ရှိ ရုပ်မြင်သံကြားချန်နယ် ထုတ်လွှင့်မှုများကို ပြန်လည်ပြုလုပ်ရန် နီပေါအာဏာပိုင်များက ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း အဆိုပါ ရုပ်မြင်သံကြားဌာန အကြီးအကဲက တနင်္ဂနွေနေ့တွင် ပြောကြားသည်။ နီပေါလိုင်းခွဲ(၁) ရုပ်မြင်သံကြားဌာနသည် နယူးဒေလီအခြေစိုက် တီဗွီလိုက်ဖ်ရုပ်မြင်သံကြားဌာနနှင့် ပေါင်းစပ်လုပ်ကိုင်နေသည့် ရုပ်မြင်သံကြားဌာနတစ်ခုဖြစ်သည်။ တီဗွီလိုက်ဖ် ရုပ်မြင်သံကြားဌာန အကြီးအကဲနာလီနီဆင်းနှင့် နီပေါတာဝန်ရှိသူများ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် လာမည့်သောကြာနေ့မှစ၍ နီပေါ လိုင်းခွဲ(၁) ရုပ်မြင်သံကြား ထုတ်လွှင့်မှုများကို ပြန်လည်ပြုလုပ်ရန် နီပေါအစိုးရက ခွင့်ပြုပေးလိုက်ခြင်းဖြစ်သည်။

နီပေါဘာသာစကားဖြင့် ထုတ်လွှင့်သော နီပေါလိုင်းခွဲ(၁) ရုပ်မြင်သံကြားဌာနသည် မြို့တော်ခတ္တမန္ဒူအတွက်ပြန်လည်ထုတ်လွှင့်မည်ဖြစ်ပြီးနီပေါနိုင်ငံ တစ်ဝန်းလုံးသို့ ထုတ်လွှင့်မှု ဆက်လက်ပြုလုပ်သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နီပေါဘုရင် ဂျန်နင်ဒြာသည် အစိုးရအဖွဲ့၏ အာဏာများကို လွှဲပြောင်းရယူလိုက်ပြီးနောက် ပြီးခဲ့သည့် ဖေဖော်ဝါရီ၁ ရက်မှစ၍ နီပေါလိုင်းခွဲ(၁) ရုပ်မြင်သံကြား ထုတ်လွှင့်မှုများကို ရပ်ဆိုင်းစေခဲ့ကြောင်း မြို့တော်ခတ္တမန္ဒူအခြေစိုက် နီပေါလိုင်းခွဲ (၁) ရုပ်မြင်သံကြား ဗျူရိုအကြီးအကဲ ရာဂျက်ရှ်မစ်ရှာရာက ပြောကြားသည်။

ပီတီအိုင်။

အချိန်တိုတိုအတွင်း အောင်မြင်စေလိုလျှင်

စိုးချစ်မောင် (မြောက်ဒဂုံ)

မြန်မာနိုင်ငံတွင်ကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို မြန်မာ့ရုပ်မြင်သံကြားမှ ဇွန်လ ၂၆ရက်နေ့ ည ၈နာရီတွင် ထုတ်လွှင့်ပြသခဲ့သည်။

တစ်ဖန် ၂၇-၆-၂၀၀၅ရက်နေ့ထုတ် သတင်းစာများတွင်လည်း ထိုအခမ်းအနားကို အကျယ်တဝင့်ရေးသားဖော်ပြခဲ့သည်ကို တွေ့ရပြန်သည်။ ဤကဲ့သို့သော အခမ်းအနားမျိုးကို ထိုနေ့က ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း လူထုလှုပ်ရှားမှုများဆောင်ရွက်ကြသည်ဟုဆိုသည်။

မူးယစ်ဆေးဝါးအန္တရာယ်သည် ဤကဲ့သို့ ကမ္ဘာနှင့်ချီ၍ ပြဿနာတစ်ရပ်အဖြစ် ဖြေရှင်းရန်လိုအပ်ပါသလားဟူ၍ တာဝန်ရှိသူတစ်ယောက်ကို မေးကြည့်ဖူးသည်။ မူးယစ်ဆေးဝါးသည် နျူကလီးယားဗုံးထက် ကြောက်စရာကောင်းသည်။ ကမ္ဘာ့လူသားမျိုးနွယ်အားလုံးကို လူညွန့်တုံးသည်အထိ အန္တရာယ်ပေးနိုင်သည်ဟုဖြေခဲ့သည်။ ကြောက်စရာကောင်းပေစွ။

ကမ္ဘာတွင်လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကတည်းကပင် မူးယစ်ဆေးဝါးအာနိသင်ဖြစ်သည့် ဘိန်းကို မက်မောတွယ်တာစွာ အသုံးပြုခဲ့သူများရှိခဲ့သည်။ ရေတွက်ခြင်းငှာမစွမ်းသာနိုင်သော လူတို့သည် မူးယစ်ဆေးဝါး၏ အမျိုးမျိုးသောအန္တရာယ်ပေးမှုနှင့် ရင်ဆိုင်ကြုံတွေ့ရလျက် ဘဝပျက်သူပျက်သည်။ အသေဆိုးနှင့်သေသူများလည်း မနည်းတော့ပေ။

မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ လေ့လာကြည့်ရာ ယခင်ကကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးသုံးစွဲသူများသည် ပြည့်တန်ဆာများ၊ လောင်းကစားသမားများ၊ မြေအောက်ဒုစရိုက်လောကသားများ၊ လူပေလူတေ လူလေလူလွင့်၊ လူပေါ်ကြော့များနှင့်အလုပ်လက်မဲ့ လက်ကြောမတင်းသူများဖြစ်သည်။ ယခု လူလတ်တန်းစားနှင့် အထက်တန်းစားများအထိ စိမ့်ဝင်ပျံ့နှံ့လာခဲ့ပြီဟု ဆို၏။ ဤမျှအထိ မူးယစ်ဆေးဝါးသည် ကမ္ဘာ့လူသားထုတစ်ရပ်လုံးအတွင်း နက်ရှိုင်းစွာ စီးဆင်းဝင်ရောက်လာခဲ့ပြီဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

မြန်မာတို့သည် မူးယစ်ဆေးဝါးသုံးစွဲမှုအား ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့စရိုက်လက္ခဏာများအရ မည်သို့မျှ လက်ခံနိုင်ခြင်းမရှိခဲ့ပေ။ ဘိန်းစား၊ ဘိန်းရှူ၊ ဘိန်းသောက်များအား အောက်တန်းကျသူများအဖြစ် အထင်သေးကြသည်။ လူရာသူရာမသွင်းချင်ကြ၊ ခေါ်ပြောနှုတ်ဆက်ဖို့ပင် ဝန်လေးကြသည်။

မိသားစုထဲတွင် ဘိန်းစား (ဆေးသမား)တစ်ဦးရှိလျှင် ဘိန်းစားအဖေ၊ အမေ၊ ဘိန်းစား အစ်ကို၊ ညီ၊ ဘိန်းစားအစ်မ၊ နှမဖြစ်၍အနှိမ်ခံရသည်။ မည်မျှပင် အထက်တန်းကျသောအလွှာမှဖြစ်စေကာမူ မူးယစ်ဆေးဝါး သုံးစွဲသူဖြစ်ပါက လူသိမခံရဲကြ။ လူတောသူတောမတိုးဝံ့ကြ။ လူနှင့်ပတ်ဝန်းကျင်တွင် မဝင်ဆံ့တော့ဘဲ ဝေးဝေးကရှောင်ရှားကြသည့်အထိပင်။ သို့ဖြင့် ထိုသူသည် လူအသိုက်အဝန်း၏အပြင်ဘက်သို့ ရောက်မှန်းမသိရောက်သွားလျက် အထီးကျန်ဘဝဖြစ်ရရှာလေသည်။ ဤသည်မှာ မြန်မာ့လူဘောင်၏ လူနေမှုစနစ်အရ ဝိုင်းပယ်ဒဏ်ခတ်ခြင်းဖြစ်သည်။

မြန်မာတို့သည် မူးယစ်ဆေးဝါးနှင့် ပတ်သက်လျှင် ဤမျှ မုန်းတီး၍ ခါးသီးရွံ့ရှာကြသည်။ ဤသည်မှာ မြန်မာတိုင်းရင်းသားများ၏ နှလုံးသားထဲတွင် အမြစ်တွယ် ရှင်သန်နေသော မူးယစ်ဆေးဝါးအပေါ် ခါးသီးသည့် သဘောထားအမြင်ဖြစ်သည်။ ကိုလိုနီခေတ်က နယ်ချဲ့၏စနစ်ကြောင့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် သုံးစွဲခြင်းတည်းဟူသော အလေ့အထများ ရှိခဲ့သော်လည်း ယနေ့မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအပါအဝင် အများစုသည် မူးယစ်ဆေးဝါးအပေါ် သဘောထားအမြင်များ ပြောင်းသွားခဲ့ကြပြီကို လေ့လာကြည့်လျှင် သိနိုင်ပေသည်။

ဥပမာပြရလျှင် ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းလားဒေသ အထူးဒေသ(၄)အား ၁၉၉၇ခုနှစ်တွင် မူးယစ်ဆေးဝါးပပျောက်ကင်းစင်သည့် နယ်မြေအဖြစ် နိုင်ငံတကာသို့ ကြေညာနိုင်ခဲ့ခြင်းဖြစ်သည်။ ကိုးကန့်ဒေသနှင့် 'ဝ'တိုင်းရင်းသားခေါင်းဆောင်များကလည်း မိုင်းလားဒေသ၏ အောင်မြင်မှုကို ဝမ်းမြောက်ကြသည်။ ဂုဏ်ယူ ကြသည်။ ကိုးကန့်ဒေသနှင့် 'ဝ'ဒေသကိုလည်း မဝေးတော့သော တစ်နေ့နေ့တွင် မူးယစ်ကင်းစင်ဒေသအဖြစ် ကမ္ဘာကို ကြေညာနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဤသည်မှာ ကမ္ဘာ့ပြည်သူ သန်းပေါင်းများစွာအပေါ် ခြိမ်းခြောက်လျက်ရှိသော မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန် လူသားချင်း စာနာထောက်ထားသောအားဖြင့် မိမိတို့အစွမ်းရှိသမျှ ကြိုးပမ်းခြင်းဖြစ်သည်။

ယခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ (၁၉)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည်ကို တွေ့ရသည်။ ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများအနက် အချို့ကို စာရင်းဇယားနှင့် ဖော်ပြထားသည်ကိုလည်း တွေ့ရသည်။

ဘိန်း	**၆၂၅ ဒသမ ၀၂၉ ကီလို**
ဘိန်းဖြူ	**၇၅၉ ဒသမ ၂၀၁ ကီလို**
ဆေးခြောက်	**၁၃၉ ဒသမ ၉၉၇ ကီလို**
စိတ်ကြွရူးသွပ်ဆေးပြား	**၃၀၂၉၀၀၀ ပြား (၃၀၂ ဒသမ ၉၀၀ ကီလို)**
စိတ်ကြွဆေးမှုန့်	**၁၄ ဒသမ ၇၆၃ ကီလို**
အက်ဖီဒရင်းအမှုန့်	**၉၃ ဒသမ ၃၁၆ ကီလို**
ICE	**၁၇၉ ဒသမ ၆၄၆ ကီလို**
ဒိုင်ယာဇီပမ်ဆေးပြား	**၃၁၀၂၈၅ ပြားတို့ဖြစ်သည်။**

ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများ၏ တန်ဖိုးသည် အမေရိကန်နိုင်ငံ လမ်းမပေါ်မှ လက်လီဈေးနှုန်းအရတွက်ကြည့်လျှင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၂၈သန်းကျော်ရှိကြောင်း သိရသည်။ ပထမအကြိမ်မှ ယခု (၁၉)ကြိမ်အထိ မီးရှို့ဖျက်ဆီးခဲ့သော မူးယစ်ဆေးဝါးများ၏ ကာလတန်ဖိုးမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၆၆၁ သန်းကျော်ရှိပြီဟုလည်း သိရသည်။

စင်စစ် မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေဖြင့် ရင်ဆိုင်ဖြေရှင်းရမည့် ပြဿနာမဟုတ်ပါ။ ကမ္ဘာ့နိုင်ငံတိုင်းနှင့် သက်ဆိုင်ပြီး လူသားတစ်ရပ်လုံးနှင့် အကျုံးဝင်ရင်ဆိုင်နေရသည့် ပြဿနာဖြစ်သည်။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်အချို့ကို လက်လှမ်းမီသမျှ လေ့လာကြည့်မိသည်။ ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကာလဒေသ အခြေအနေနှင့် ကိုက်ညီသည့် ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး ကာကွယ်တိုက်ဖျက်ခဲ့သည်။

နိုင်ငံနှင့် ဆီလျော်သည့် မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ပြီး မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ် စီမံကိန်း၊ ပန်းတိုင်သစ် စီမံကိန်းများဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ တရားမဝင် ဘိန်းစိုက်ပျိုးမှု၊ ဘိန်းနှင့် ဘိန်းဖြူထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ် သုံးစွဲမှုပြဿနာများကိုပါ အလေး ထားတိုက်ဖျက်ခဲ့ရာ ဘိန်းနှင့်ဘိန်းဖြူထုတ်လုပ်မှု သိသိသာသာ လျော့နည်းကျဆင်းခဲ့သည်။

ဤကဲ့သို့ ကျဆင်းသည်ကိုလည်း UNODC က ထုတ်ပြန်သည့် World Drug Report တွင် ဖော်ပြထားသည်ကို တွေ့ရသည်။ ဘိန်းထုတ်လုပ်မှုထက် ဘိန်းစိုက်ပျိုးမှုကျဆင်းသည်ကိုပါ ၂၀၀၄ ခုနှစ်တွင် ၇၃ ရာခိုင်နှုန်းကျဆင်းသွားသည်ဟု အတိအလင်းထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံက အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်နေသော ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေးလုပ်ငန်းသည် ကုလသမဂ္ဂ မူးယစ်ဆေးဝါးဆိုင်ရာ အထူးညီလာခံက ဆုံးဖြတ်ထားသော ရည်မှန်းချက်ပန်းတိုင်ကို ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။ ဆုံးဖြတ်ချက်မူဘောင်များကိုလည်း လိုက်နာကျင့်သုံးနေသည်။

အလားတူ အမေရိကန်ပြည်ထောင်စု၏ ၂၀၀၅ ခုနှစ် US-Government Drug Strategy Report အရလည်း ၂၀၀၄ ခုနှစ် ဘိန်းအထွက်နှုန်းကို ၂၀၀၃ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက စိုက်ပျိုးမှု ၃၄ ရာခိုင်နှုန်းကျဆင်းသွားခဲ့သည်ဟုဆိုသည်။ ဤအရေအတွက်မှာ လွန်ခဲ့သော ရှစ်နှစ်က ဘိန်းတန် ၂၅၆၀ ထုတ်လုပ်သဖြင့် ၈၈ရာခိုင်နှုန်းကျဆင်းသွားသည် ဟူ၍ သုံးသပ်ထားသဖြင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ အောင်မြင်မှုရှိသည်မှာ ထင်ရှားသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို မိမိတို့တစ်နိုင်ငံတည်းဆောင်ရွက်၍မရဘဲ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ကို နားလည်သဘောပေါက်ထားသဖြင့် ဒေသတွင်း၊ ဒေသခွဲအတွင်း အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှုစာချွန်လွှာ MoU များကို လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

ဤသို့ တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ်မှုတိုက်ဖျက်ရာတွင် နယ်စပ်ဒေသရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ လူနေမှုဘဝ မြှင့်တင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိဆောင်ရွက်နေသော ဒေသခွဲအတွင်း လုပ်ငန်းစီမံကိန်း Sub-Regional Action Plan များကိုလည်း MoU ခြောက်နိုင်ငံတို့ပေါင်းစည်းပြီး ဒေသခွဲအတွင်း မူးယစ်ဆေးဝါးကင်းမဲ့ဒေသအဖြစ် ပေါ်ပေါက်စေရန် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း လေ့လာကြည့်လျှင် တွေ့ရမည်ပင်ဖြစ်သည်။

သို့ပါလျက် နိုင်ငံကြီးအချို့သည် လက်ရှိဖြစ်ပေါ်တိုးတက်နေသော အခြေအနေမှန်များကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ထိရောက်စွာ ဆောင်ရွက်ခြင်းမရှိဟူ၍ စွပ်စွဲကြသည်။ ကိုယ့်အရေးမဟုတ်သကဲ့သို့ ဘာသိဘာသာနေကြသည်။ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကို မျက်ကွယ်ပြုကြသည်။ ဝမ်းနည်းစရာကောင်းပါ၏။ ဤသို့ တရားမှဲ့သော လုပ်ဆောင်ချက်များအပေါ် မြန်မာနိုင်ငံသား တစ်ယောက်အနေဖြင့် စိတ်မကောင်းဖြစ်မိသည်။ သို့ဖြစ်၍လည်း ရင်ထဲမှခံစားချက်များဖြင့် ဤဆောင်းပါးကို ရေးဖြစ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါး လုံးဝချုပ်ငြိမ်းပျောက်ကွယ်သွားလိုလျှင် ယခုကဲ့သို့ ဟိုလူအပြစ်ပုံချ၊ သည်လူအပြစ်ပုံချလုပ်၍ ထမင်းရေပူလာ လျှာလွှဲနေရုံဖြင့် လိုရာပန်းတိုင်ကို ရောက်မည်မဟုတ်။ ဒေသတွင်း လက်တွေ့အကောင်အထည်ဖော်နေသူများအား အနီးကပ်လေ့လာကြည့်သင့်သည်။ အမှန်တကယ်ဆောင်ရွက်နေသည်ကို ပကတိအရှိအတိုင်းသုံးသပ်၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေးလုပ်ငန်းစဉ်အား ကူညီသင့်သည်။ သို့ဆိုလျှင် မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေးလုပ်ငန်းစဉ်သည် အချိန်တိုတိုအတွင်း အောင်မြင်ပြီးမြောက်သွားမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့်မူ မည်သူမည်ဝါကပင် ကူညီသည်ဖြစ်စေ၊ မကူညီသည်ဖြစ်စေ၊ အကောင်းမြင်သည်ဖြစ်စေ၊ အဆိုးမြင်သည်ဖြစ်စေ မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေးလုပ်ငန်းစဉ်အား အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်သာဖြစ်သည်ဟု အလေးအနက်ယုံကြည်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို မိမိတို့တစ်နိုင်ငံတည်းဆောင်ရွက်၍မရဘဲ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ကို နားလည်သဘောပေါက်ထားသဖြင့် ဒေသတွင်း၊ ဒေသခွဲအတွင်း အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှုစာချွန်လွှာ MoUများကို လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်း

ရန်ကုန် ဇူလိုင် ၁၆

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသောဘဏသည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဇူလိုင် ၁၈ ရက်မှ ၂၇ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ရာ ဖုန်း-၀၁-၅၇၁၂၅၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံ ရေတမာလမ်း အမှတ်-စီ/၇နေ ဦးဘမောင်ရှိန်-ဒေါ်စန်းစန်းဝင်း (ဦးမြခိုင်နှင့် သားများ ကတ္တားရောင်းဝယ်ရေး)၏ မွေးနေ့အလှူအဖြစ် အလှူငွေကျပ်တစ်သိန်းတစ်သောင်းကို အင်းစိန်မြို့ ကွက်သစ်ရပ်ကွက် မာလာရာမဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ အသင်းအတွင်းရေးမှူး ဦးကျော်သန့်နှင့် တွဲဖက်အတွင်းရေးမှူး(၂) ဦးလှသိန်းတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

ရှေးဟောင်းရုပ်ပွားတော်များ ပင့်ဆောင်ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၆

နှစ်စဉ်ကျင်းပမြဲဖြစ်သော အင်းလေးဖောင်တော်ဦးဘုရားပုံတူ ရှေးဟောင်းရုပ်ပွားတော်များအား စံကျောင်းတော်သို့ ပြန်လည်ပင့်ဆောင်ပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၀ ရက် (ဝါဆိုလပြည့်နေ့) နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ်ကွက် ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ကျောင်းတိုက်နှင့် ဓမ္မမေဒိနီပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်(မြောက်ဥက္ကလာပ)တို့၌ ပုရိမဝါကပ်တော်မူကြကုန်သော သံဃာတော်အပါး ၂၀၀ ကျော်တို့အား ဝါဆိုသင်္ကန်းနှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ကပ်လှူပူဇော်မည်ဖြစ်၍ လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါလျှင် ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက် သာသနာ့နဂ္ဂဟအကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၆၉၉၁၆၃၊ ၆၃၅၉၇၆၊ ၀၉-၅၀၁၁၂၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာနမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၆

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီးဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးတို့အား အမှူးထား၍ ပြည်ထဲရေးဝန်ကြီးဌာနမိသားစု၏ ဒွါဒသမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ ဝန်ကြီးအမှူးပြုသော ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များက မေတ္တသုတ်အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြပြီး ဆရာတော် သံဃာတော်များအား ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီးဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် ဇနီး၊ ဌာနအကြီးအကဲများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ရေနံချောင်းဆရာတော် ဘဒ္ဒန္တတေဇနိယထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

(သတင်းစဉ်)

ပြည် ထဲ ရေး ဝန် ကြီး ဌာ န ဝန်ကြီး ဗိုလ်ချုပ် မောင်ဦးနှင့် ဇနီး ဒေါက်တာ ဒေါ် ညွန့် ညွန့် ဦး ပြည်ထဲရေးဝန်ကြီး ဌာန မိသားစု၏ ဒွါဒသမအကြိမ် ဝါ ဆို သ င်္ကန်း ကပ် လှူ ပွဲ တွင် ဆ ရာ တော် ထံ ဝါ ဆို သ င်္ကန်း ဆက်ကပ်လှူဒါန်း စဉ်။

(သတင်းစဉ်)

ဒေးဒရဲမြို့နယ်အသင်း ဂုဏာပူဇာပွဲ

ရန်ကုန် ဇူလိုင် ၁၆

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)မှကြီးမှူး၍ ၂၀၀၅ခုနှစ်အတွက် နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော် ချီးမြှင့်ဆက်ကပ်ခြင်းခံရသော ဒေးဒရဲမြို့နယ်ဖွား ဆရာတော်ကြီး နှစ်ပါးအား ဂုဏာပူဇာမင်္ဂလာ အခမ်းအနားနှင့် စတုတ္ထအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အမှတ်(၅၇) အာဇာနည်လမ်း ဗဟန်းမြို့နယ် မင်္ဂလာမဏ္ဍိုင် ကျောင်းဝင်းအတွင်းရှိ ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ကြပါရန်နှင့် လှူဖွယ်ပစ္စည်းနှင့် အလှူငွေကို အမှုဆောင်များနှင့် အသင်းရုံးခန်းတွင် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အစည်းအဝေးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားစဉ်။

(ကြေးမုံ)

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အစည်းအဝေးကို ဇူလိုင် ၁၄ ရက် ညနေ ၅နာရီက ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

နှစ်ပတ်လည် အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်ဇုန်၊ ပုဂံဇုန်၊ တောင်ကြီးဇုန်၊ ချောင်းသာဇုန်၊ ငွေဆောင်ဇုန်၊ မော်လမြိုင်ဇုန်၊ ရခိုင်ဇုန်နှင့် ရွှေတြိဂံဇုန်တို့မှ ဟိုတယ်လုပ်ငန်းရှင်များ၊ အသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှစ်ပတ်လည် အစည်းအဝေးတွင် ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကား ပြောကြားပြီး အသင်းအထွေထွေအတွင်းရေးမှူး ဦးရန်ဝင်းက နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ ဘဏ္ဍာရေးမှူး ဦးမောင်မောင်က အသင်းငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်သွင်းပြီး နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အတည်ပြုချက်ရယူသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ ဦးဆောင်သော အလုပ်အမှုဆောင်အဖွဲ့သစ် အဖွဲ့ဝင်များစာရင်းကို ဖတ်ကြားကြေညာပြီး အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကား ပြောကြား၍ အသင်း၏ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ နှစ်ပတ်လည် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တည်ခင်းဧည့်ခံ

အစည်းအဝေးအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တက်ရောက်လာကြသူများအား မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ပဉ္စနိကာယ သာသနာ့ဗိမာန်ကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၆

ရန်ကင်းမြို့နယ် ပဉ္စနိကာယ သာသနာ့ဗိမာန် ကျောင်းတိုက်တွင် ဝါဆိုတော်မူကြမည့် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇောဘာသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) အမှူးရှိသော စာချ၊ စာသင် အရှင်မြတ် ၃၁၅ပါးတို့အား (၂၉)ဝါမြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ၁၃၆၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ရက်၊ ဇူလိုင် ၂၁ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ပဉ္စနိကာယ ကျောင်းတိုက်ကြီး၌ ကျင်းပမည်ဖြစ်ရာ သင်္ကန်း ဒွိစုံ၊ ထီး၊ ဖိနပ်များကို ကုသိုလ်ယူလှူဒါန်းလိုသူများ ကျောင်းအကျိုးဆောင်အဖွဲ့ ပဉ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက် ကံဘဲ့ဘူတာရုံလမ်း ရန်ကင်းမြို့နယ် ဖုန်း- ၅၆၆၅၆၆၊ ၅၆၆၁၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

ကမ္ဘာလှည့် ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေး သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေး သင်တန်း အမှတ်စဉ် (၁၁/၂၀၀၅) ဆင်းပွဲကို ယမန်နေ့ နံနက် ၈နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ်များ၊ ရဲအရာရှိကြီးများ၊ သင်တန်းတွင် ပို့ချပေးသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် နည်းပြအရာရှိများ တက်ရောက်ကြသည်။

သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ်ကြာမြင့်ပြီး သင်တန်းသားရဲအရာရှိ ၃၉ ဦးတို့ တက်ရောက်ကြကြောင်းနှင့် သင်တန်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ကမ္ဘာလှည့်ခရီးသည်များအတွက် လုံခြုံစိတ်ချမှုနှင့် စိတ်အေးချမ်းမြေ့စွာ သွားလာလည်ပတ်နိုင်စေရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကူညီဆောင်ရွက်ရန်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) အတွေ့အကြုံ ရှင်းလင်းပွဲနှင့် ထောက်ပံ့ငွေချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၈ ရက်က သဃ်န်းကျွန်း မြို့နယ်ခန်းမ၌ ကျင်းပရာ သဃ်န်းကျွန်းမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးဝင်းနိုင်(ငြိမ်း)က အသက် (၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများ၊ မသန်စွမ်း စစ်မှုထမ်းဟောင်းများနှင့် တပ်မတော်တက္ကသိုလ်များတွင် ပညာသင်ကြားနေသော စစ်မှုထမ်းဟောင်းများ၏ သားသမီးများအား ထောက်ပံ့ငွေချီးမြှင့်စဉ်။

(၅၀၆)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅) အတွေ့အကြုံ ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) အတွေ့အကြုံ ရှင်းလင်းခြင်းနှင့် အသက် (၇၅)နှစ်ပြည့်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ချီးမြှင့်ငွေပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လှိုင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရန်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး လှိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးစစ်အေး(အငြိမ်းစား)က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) အတွေ့အကြုံများကို အကျယ်တဝင့် ပြန်လည်ရှင်းလင်း ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် အသက် (၇၅)နှစ်ပြည့်ပြီး လှိုင်မြို့နယ်မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၇ ဦးတို့အား မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟို)က ချီးမြှင့်သည့် ချီးမြှင့်ငွေများကို မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးစစ်အေး (အငြိမ်းစား)ကလည်းကောင်း၊ လှိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့စည်းရုံးရေးကော်မတီက အသက် (၇၅)နှစ် ပြည့်ပြီးသူများနှင့် ပညာသင်ထောက်ပံ့ကြေး ရရှိသူများအတွက် ချီးမြှင့်ငွေကို မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးတင်မြင့်(အငြိမ်းစား)က လည်းကောင်း ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ဝဲပုံ)** (စစ်မှုထမ်းဟောင်း)

ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှဝေ

❀ ရှေ့ဖုံးမှ

ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိစိတ္တထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူးနှင့် ဇနီးတို့က ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် ကလေးဝတောရကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ပရိသတ်များက ရေစက်ချအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျှပေးဝေ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် ဧည့်ပရိသတ်များ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမိသားစု ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားတွင် ကလေးဝတောရကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနှင်း ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး မိသားစု ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားတွင် ဆရာတော်အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီး ဒေါ်စန်းစန်းရီ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမိသားစု ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားတွင် ဆရာတော်အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် ဇနီးဒေါ်အေးမီခိုင် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးမိသားစု ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲအခမ်းအနား၌ ဆရာတော်အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၆

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် အသင်း(ရန်ကုန်)က မြို့နယ်ဖွား ဆရာတော်ကြီးများအား ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၈ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် အမှတ် (၃၉/၄၁)အိုးဘိုလမ်း(အောက်လမ်း) ကြည့်မြင်တိုင်မြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ကြပါရန်နှင့် အလှူငွေလှူဒါန်းလိုသူများသည် ဒေါက်တာလှဖေ ဖုန်း-၀၉၉၉၂၁၈၁၄၊ ဒုတိယရဲမှူးကြီးဟန်တင် ဖုန်း-၆၄၀၆၆၈၊ ဦးတင်ဦး ဖုန်း-၀၉၅၁၂၇၉၉၂၊ ဗိုလ်ကြီးဝင်းနိုင် (ငြိမ်း) ဖုန်း-၀၉၅၁၁၇၆၆၀၊ ဦးဝင်းဗိုလ် ဖုန်း-၀၉၅၁၂၃၈၀၁၊ ဦးလှဟန် ဖုန်း-၀၉၅၁၁၆၀၇၀နှင့် ၆၆၂၅၇၂တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကျိုက်သလ္လံစေတီတော် ပဋ္ဌာန်းရွတ်ပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၁၆

မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပဋ္ဌာနဝေယျာဝစ္စပုညကာရီ ပဋ္ဌာန်းအဖွဲ့ ဆပ်ကော်မတီကကြီးမှူး၍ (၁၁၅)ကြိမ်မြောက် ပဋ္ဌာန်းရွတ်ပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက် (ဝါဆိုလပြည့်နေ့)တွင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ကျိုက်သလ္လံစေတီတော်မြတ်ကြီး ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄နှင့်၂၁၃၃၄သို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၃၀၇)

သံတွဲခရိုင်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၆

သံတွဲခရိုင်အသင်း (ဂွ-တောင်ကုတ်-သံတွဲ) မိသားစုများ၏ တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၄ရက် နံနက် ၉ နာရီတွင် သာကေတမြို့နယ် (၇)အနောက်ရပ်ကွက် ရတနာလမ်းရှိ အဘယာရာမကျောင်းတိုက်ကြီး၌ ကျင်းပမည်ဖြစ်သည်။ လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌ ဦးကျော်ရင် ဖုန်း-၃၇၆၈၄၈၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း-၂၉၁၂၀၀၊ အတွင်းရေးမှူး ဦးမောင်မောင်ခင် ဖုန်း-၅၇၁၀၁၆၊ အသင်းရုံး ဖုန်း-၃၈၂၀၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

မိုးစပါးနှင့် ငရုတ်ကောင်းကို လျာထားချက်နှင့်အညီ စိုက်ပျိုး ဒေသခံ ပြည်သူများ ရော်ဘာကို ပိုမိုစိုက်ပျိုးရန် စည်းရုံး

ဒေသဖွံ့ဖြိုးရေး ဆွေးနွေးမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း တောင်ကုတ်မြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

✧ **ရခိုင်ပြည်နယ်မှ**
ရော်ဘာစိုက်ပျိုးရန် လျာထားမှုအခြေအနေ၊ သစ်ဆိမ့်နှင့် ငရုတ်ကောင်းစိုက်ပျိုးမှုနှင့် စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ရေငန်ပုစွန်မွေးမြူမှု၊ သားပေါက်ထုတ်လုပ်မှု၊ ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုနှင့် နိုင်ငံခြားငွေရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်တွင် ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါးဧက ၁၁ သိန်း စိုက်ပျိုးရန် လျာထားချက်ပြည့်မီရေးအတွက် သံတွဲမြို့နယ်နှင့် သံတွဲခရိုင်တို့မှ တိုးတက်စိုက်ပျိုးရန် သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးဆောင်ရွက်ကြရန်လိုကြောင်း၊ ကမ္ဘာလှည့်ခရီးသည်များ ဝင်ထွက်သွားလာနေသည့် သံတွဲမြို့ကို သန့်ရှင်းသာယာလှပအောင် စီမံချက်ရေးဆွဲပြီး ဆောင်ရွက်ရန်လိုကြောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးကောင်းမွန်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် အဓိကလိုအပ်ချက် သုံးချက်နှင့် ပြည့်စုံမှသာ မိမိတို့ မျှော်မှန်းတည်ဆောက်နေသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်နိုင်မည်ဖြစ်ကြောင်း။

စနစ်တကျဆောင်ရွက်

ထို့ကြောင့် မိမိတို့ဒေသ၏ အေးချမ်းတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် စီမံချက်များချမှတ်၍ စနစ်တကျ စီမံဆောင်ရွက်ရန်လိုကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အင်တိုက်အားတိုက် ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်ကသတ်မှတ်ပေးထားသည့် အဓိကသီးနှံ ၁၀ မျိုး၊ ဒေသ၌ စိုက်ပျိုးဖြစ်ထွန်းပြီး ဝင်ငွေကောင်းမွန်စေသည့် ရော်ဘာနှင့် ငရုတ်ကောင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးကြရန်လိုကြောင်း။

အထူးသဖြင့် ပြည်တွင်း၊ ပြည်ပတွင် ဈေးကွက်ရှိပြီး ဈေးကောင်းရသည့် ရော်ဘာကို တိုးချဲ့စိုက်ပျိုးရန် ဒေသတွင်း စည်းရုံးခြင်း၊ ပညာပေးခြင်းနှင့် ပံ့ပိုးကူညီမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် သီးနှံတစ်ဧက အထွက်နှုန်းတိုးတက်ရေး၊ သီးထပ်စွမ်းအား မြှင့်တင်ရေးကိုလည်း ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍ ဧကတစ်သိန်းခွဲရှိသည့် ရေငန်ပုစွန် မွေးမြူရာတွင် အထွက်နှုန်း တိုးတက်ကောင်းမွန်စေရန်အတွက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသမှ တာဝန်ရှိသူများအနေဖြင့် ပြည်သူလူထုနှင့်အတူ လက်တွဲပူးပေါင်းပြီး ဒေသအကျိုး ဆတက်ထမ်းပိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

သံတွဲခရိုင်တွင် ၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါးစိုက်ဧကကို သံတွဲမြို့နယ်၌ ၁၅၈၈ဧက၊ တောင်ကုတ်မြို့နယ်၌ဧက ၆၉၀၀နှင့် ဂွမြို့နယ်၌ဧက ၁၀၀၀ စုစုပေါင်း ၉၄၈၈ဧကတိုး၍ ၁၂၂၉၂၄ဧက စိုက်ပျိုးသွားမည်ဖြစ်ပြီး စိုက်ပျိုးပြီးစီးမှုမှာ ၈၉၉၅ဧကဖြစ်ကြောင်း သိရှိရသည်။

အအေးခန်းနှင့် ရေခဲစက်ရုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သံတွဲမြို့ ဒွါရာဝတီမြို့သစ် (၁)လမ်းရှိ Thantwe Marine Products Co., Ltd. ၏ အအေးခန်းနှင့် ရေခဲစက်ရုံသို့ ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်လေးက စက်ရုံ၏တည်နေရာနှင့် အကျယ်အဝန်း၊ ပုစွန်သိုလှောင်မှု၊ ရေခဲစက်ရုံမှ ရေခဲထုတ်လုပ်ပေးမှု၊ စက်ရုံဝန်ထမ်းနှင့် ကုန်ထုတ်စွမ်းအား၊ ကုန်ချောတင်ပို့မှု (Export)တို့ကို ရှင်းလင်းတင်ပြပြီး စက်ရုံမှ ထုတ်လုပ်သော ပြည်ပသို့တင်ပို့မည့် ပုစွန်၊ ငါးအသားလွှာနှင့် ကဏန်းများကို ပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အအေးခန်း စက်ရုံအတွင်း ပုစွန်ခေါင်းချိုး ထုပ်ပိုးခြင်းနှင့် ငါးအသားလွှာ ထုတ်ယူခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်လေးနှင့် မန်နေဂျာ ဒေါ်အေမီဝင်းတို့က လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းကလုပ်ငန်းကို ယခုထက်ပိုမိုတိုးချဲ့လုပ်ကိုင် ဆောင်ရွက်ရေးမှာကြားသည်။

အဆိုပါ ကုမ္ပဏီ၏ ရေခဲစက်မှ တစ်ရက်လျှင် ရေခဲတန် ၄၀ ထုတ်လုပ်ပြီး တန် ၁၅၀ အအေးခန်းမှ ၂၀၀၄-၂၀၀၅ခုနှစ်တွင် ၄၈၆ မက်ထရစ်တန် ထုတ်လုပ်နိုင်ပြီး ယခုနှစ်တွင် ထုတ်ကုန်နှစ်ဆ တိုးတက်ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိကြောင်းသိရှိရသည်။

ရော်ဘာခြံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တောင်ကုတ်မြို့မှခြောက်မိုင်အကွာ သံတွဲ-တောင်ကုတ်ကားလမ်းဘေးရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၏ တောင်ကုတ်ရော်ဘာခြံသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ လက်ထောက်မန်နေဂျာ ဦးမြင့်သွင်က ရော်ဘာခြံ၏ တည်နေရာနှင့် အကျယ်အဝန်း၊ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ရော်ဘာ ၁၂၅ဧက တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ရော်ဘာဧက ၅၀၀ တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်နှင့် ပျိုးပင်များအတွက် မျိုးစေ့စုဆောင်းထားရှိမှု၊ မျိုးကိုင်းပွားခင်း ပြင်ဆင်ခြင်း၊ အစို့ဖောက်ခြင်း၊ မြောင်းဆွဲခြင်း၊ မြေအိတ်ထည့် အိတ်စီခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ရော်ဘာမျိုးစေ့ တစ်သိန်းခွဲကို အစို့ဖောက်ပေါင်း၌ ပျိုးထောင်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရော်ဘာစိုက်ဧက ၉၀၀ အနက် စိုက်ပျိုးရန် ကျန်ရှိသည့် ဧက ၅၀၀ကို ၂၀၀၆-၂၀၀၇ ခုနှစ်တွင် အပြီးစိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရော်ဘာမျိုးကိုင်းပွားခင်းကိုလည်းကောင်း၊ ပျိုးမြေတစ်ပေပတ်လည်၌ မျိုးစေ့ ၁၀၀နှုန်းဖြင့် မျိုးစေ့တစ်သိန်းခွဲမျိုးစေ့ ဖောက်ပျိုးခင်းကိုလည်းကောင်း၊ အပင် ၂၀၀၀ရှိ အစို့ဖောက် ပျိုးခင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ တောင်ကုန်း၊ ဆင်ခြေလျှောနှင့် မြေပြန့်တို့ရှိ မြေ ၂၅ဧကတွင် ကွန်တိုစနစ်ဖြင့် အပင် ၆၀၅၀စိုက်ပျိုးပြီးစီးမှုနှင့် အပင်အောင်မြင်ဖြစ်ထွန်းနေမှုများကိုလည်းကောင်း၊ ခင်းကျင်းပြသထားသည့် မျိုးဖောက်အပင်ပေါက်၊ ကိုင်းဆက်ပင်၊ အစို့ဖောက်အစေ့နှင့် အစေ့များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် သံတွဲ-တောင်ကုတ် ကားလမ်းတစ်လျှောက်ရှိ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော ရော်ဘာပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် တောင်ကုတ်တပ်နယ်သို့ ရောက်ရှိကြပြီး တပ်နယ်ခန်းမ၌ တောင်ကုတ်တပ်နယ်အတွင်းရှိ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး၊ မိသားစုဝင်များ၏ သက်သာချောင်ချိရေးနှင့် အပိုဝင်ငွေရရှိရေး၊ မိသားစုဝင်များ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအခက်အခဲများကို တာဝန်ရှိသူအဆင့်ဆင့်တို့က ဖြည့်ဆည်း ဆောင်ရွက်ပေးရေးတို့ကို မှာကြားပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တောင်ကုတ်မြို့သို့ ရောက်ရှိကြပြီး တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးမြတ်လင်းက မြို့၏တည်နေရာနှင့် အကျယ်အဝန်း၊ အုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ၊ မိုးစပါးဧက ၅၈၆၆၀ စိုက်ပျိုးရန် လျာထားချက်နှင့် စိုက်ပျိုးပြီးစီးမှု၊ ဆက်လက်စိုက်ပျိုးမည့် အစီအစဉ်၊ ငရုတ်ကောင်းနှင့် ရော်ဘာတိုးချဲ့စိုက်ပျိုးမည့်အစီအစဉ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေ၊ သားငါး ကဏ္ဍနှင့် မွေးမြူရေးအခြေအနေများနှင့် လုပ်ငန်းကဏ္ဍအလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် တောင်ကုတ်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုနှင့် ငရုတ်ကောင်းစိုက်ပျိုးမှုတို့ကို လျာထားချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ ရော်ဘာသည် ဈေးကောင်းရသည့် နှစ်ရှည်ပင်ဖြစ်သည့်အပြင် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း ပေါ်ထွန်းလာမည်ဖြစ်ပြီး ဝင်ငွေတိုးတက်ရရှိနိုင်သည့် လုပ်ငန်းလည်းဖြစ်ရာ ဒေသခံပြည်သူများ ရော်ဘာပိုမိုစိုက်ပျိုးလာစေရေးအတွက် စည်းရုံးပညာပေးရန်လိုကြောင်း။

ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်၏ဒေသအသီးသီးတွင် အကြားအလပ်မရှိ မျှတစွာ ဖြစ်ထွန်းစေရန် ရည်မှန်း၍ နိုင်ငံတော်က နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းတို့ကို အကောင်အထည်ဖော်လျက် ရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်မှာ နယ်မြေအေးချမ်းတည်ငြိမ်ရေး၊ စီးပွားရေးကောင်းမွန်ရေးနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးသည် အဓိကလိုအပ်ချက်များဖြစ်ရာ ယင်းလိုအပ်ချက်များ ပြည့်စုံရေးအတွက် နိုင်ငံတော်ကချမှတ်ပေးသည့် အစီအမံများနှင့်အညီ မိမိတို့ဒေသဖွံ့ဖြိုးရေးကို တာဝန်ရှိသူများနှင့် ပြည်သူများပူးပေါင်း၍ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ငရုတ်ကောင်းစိုက်ခင်း

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တောင်ကုတ်မြို့နယ် သချော်ကိုင်းကျေးရွာအုပ်စု သံကြိုးတောင်ကုန်းရှိ တောင်သူဦးခင်မောင်၏ ငရုတ်ကောင်း မိရိုးဖလာ စိုက်ခင်း ဧက ၃၀ သို့ ရောက်ရှိကြ၍ ငရုတ်ကောင်းပင် ၂၉၀၀၀စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ငရုတ်ကောင်းစိုက် ဒေသခံ တောင်သူများအား တွေ့ဆုံ၍ ငရုတ်ကောင်းများကို ယခုထက်ပိုမို တိုးချဲ့စိုက်ပျိုးကြရန် မှာကြားသည်။

တောင်ကုတ်မြို့နယ်တွင် ငရုတ်ကောင်း ၁၅၈၉ ဧကရှိပြီး ယခုနှစ်တွင် ဧက ၃၀၀ တိုးချဲ့၍ ၁၈၈၉ ဧက အထိ တိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကိုင်းရှည်တံတား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ တောင်ကုတ်-ကျောက်ဖြူလမ်း မိုင်တိုင်အမှတ်(၀/၀)ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၃)က တည်ဆောက်လျက်ရှိသည့် ကိုင်းရှည်တံတားသို့ ရောက်ရှိကြပြီး သံမဏိ သံပေါင် တပ်ဆင်ခြင်း လုပ်ငန်း၊ သံပေါင် လက်ရန်းချဲ့ထွင်ခြင်းလုပ်ငန်းနှင့် သံကူကွန်ကရစ်ကြမ်းခင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၇-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၀ ၆။ အတီးပြိုင်ပွဲ
၈:၂၀ ၇။ ဆွာချောင်းရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Say it in English
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ စောရဝန္တာနှင့် မိစ္ဆာခွင်းဓား (အပိုင်း-၂၁)**
၁၂:၁၅ ၅။ ကြားမြင်သုတပြည့်ဝစရာ စာပဒေသာ
၁၂:၂၅ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"သင်ခန်းစာ" (ကျော်ဟိန်း၊ ခန့်စည်သူ၊ညီနန္ဒ၊ နန္ဒာလှိုင်၊ လှိုင်ရွှေစင်ထွန်း) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၂:၁၅ ၇။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (အလေးမ)
၂:၂၅ ၈။ တေးဂီတအစီအစဉ်
၂:၃၅ ၉။ ဂုံညင်းတန်းတံတား
၂:၄၅ ၁၀။ International News.
၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၃၀ ၇။ အတီးပြိုင်ပွဲ
၅:၄၀ ၈။ တေးဂီတအစီအစဉ်
၅:၅၅ ၉။ ဆိုကြမယ်၊ပျော်ကြမယ်
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ (အပိုင်း-၄၀)**
၇:၃၀ ၁၃။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၇:၄၅ ၁၄။ တေးဂီတအစီအစဉ်
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၅၉)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

၀ွမြို့နယ်သူ၊ မြို့နယ်သားများ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်ရောက် ၀ွမြို့နယ်သူ၊ မြို့နယ်သားများ၏ ပဥ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်၁၇ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီ၌ သာကေတမြို့ နယ် ၇/အနောက်ရပ်ကွက် အဘယာရာမ ပရိယတ္တိစာသင်တိုက်တွင် ကျင်းပမည်ဖြစ်၍ ကြွရောက်ကြပါရန်နှင့်သင်္ကန်းနှင့်အလှူငွေများကို အကျိုးဆောင်များထံတွင် လှူဒါန်းနိုင်ကြောင်းသိရသည်။ (၅၃)

● **စာမျက်နှာ ၉ မှ**

အဆိုပါ ကိုင်းရှည်တံတားသည် ယခင်က ဘေလီတံတားအဖြစ် တည်ဆောက်ထားရာမှ ယခုအခါ သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်ပြုပြင်တည်ဆောက်ခြင်းဖြစ်ပြီး တံတားအရှည်မှာ ပေ ၅၄၀ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တောင်ကုတ်-မအီ လမ်းပိုင်းတစ်လျှောက်ရှိ လမ်းများ တိုးတက်ကောင်းမွန်မှုနှင့် တံတားများ၏ ကြံ့ခိုင်မှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် တောင်ကုတ်မြို့မှ ၄၃မိုင်ကွာဝေးသည့် မအီမြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်-ကျောက်ဖြူလမ်း စီမံကိန်းအထူးအဖွဲ့ စီမံကိန်းအင်ဂျင်နီယာရုံး ပြင်ဝန်းစခန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းညွှန့်က ပင်လယ်ကမ်းစပ်ရွှံ့ညွှန်ဒီရေတောအတွင်း Geotextile နည်းဖြင့် လမ်းခင်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ လေးပေထုလမ်းတာပြည့် လမ်းခင်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ယခုလာမည့် ပွင့်လင်းရာသီတွင် စီမံချက်အမီ လမ်းတာပြည့်လေးပေထု ရာခိုင်နှုန်းပြည့်ပြီးမြောက်ရေးကြိုးပမ်းဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ကျောက်ဖြူခရိုင်အင်ဂျင်နီယာမှူး ဦးကြည်စိုးက ရန်ကုန်-ကျောက်ဖြူလမ်း၊ စနဲခုံမင်လမ်းအပိုင်းတွင် Geotextileနည်းဖြင့် လမ်းခင်းခြင်း နှစ်မိုင်နှင့် ဖို့မြေ ၁၄မိုင် စုစုပေါင်း ၁၆မိုင်၌ မြေသားလုပ်ငန်း ဆောင်ရွက်ပြီး အမာခံလမ်းအဆင့် ရာသီမရွေးသွားလာနိုင်ရန်ဆောင်ရွက်မှုအခြေအနေနှင့် ရမ်းဗြဲ-ပိန္နဲတောင်ဖြတ်လမ်း လမ်းအူကြောင်းရှာဖွေနေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမျိုးတင့်က မအီ-တောင်ကုတ်နှင့် ကျောက်ဖြူ-တောင်ကုတ် လမ်းပိုင်းတွင် ခရီးသည်တင် မော်တော်ယာဉ်များ မိုးရာသီ၌ပင် ပုံမှန်ပြေးဆွဲပေးနေမှုနှင့် ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားပြီး မအီမြို့တွင် ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

ပက်ထရိုနပ်စ်ကုမ္ပဏီ ပညာသင်ဆုချီးမြှင့် ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၁၆

စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် ရေနံကုမ္ပဏီသည် မြန်မာ ကျောင်းသားရှစ်ဦးတို့အား မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် နည်းပညာ တက္ကသိုလ်၌ ပညာဆည်းပူးရန် ပညာသင်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ပက်ထရိုနပ်စ် ရေနံကုမ္ပဏီမှ ဌာနေကိုယ်စားလှယ် Mr. Abu Bakar Bin Salleh တို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ပညာသင်ဆုများကို ကျောင်းသားများအား ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato' Cheah Sam Kip၊ စွမ်းအင်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပက်ထရိုနပ်စ် ရေနံကုမ္ပဏီမှ တာဝန်ရှိသူများ၊ ပညာသင်ဆုရ ကျောင်းသားများနှင့် မိဘများ တက်ရောက်ကြသည်။

ပညာသင်ဆုသည် ကျောင်းသားများ၏ ပညာသင်ကြားမှု စရိတ်အဝဝကို ကျခံရန်ပါဝင်ပြီး ကျောင်းသားများ အနေဖြင့် ပညာသင်ကာလ ပြီးဆုံးသည့်အခါ နိုင်ငံတော်အစိုးရ (စွမ်းအင်ဝန်ကြီးဌာန)၌ တာဝန်ထမ်းဆောင် ရမည်ဖြစ်သည်။ ပက်ထရိုနပ်စ်ရေနံကုမ္ပဏီမှ ယခုကဲ့သို့ မြန်မာကျောင်းသားများအား ပညာသင်ဆု ချီးမြှင့်ခြင်းသည်ဒုတိယ အကြိမ်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တပ်နယ် သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။ (ရကတ)

❍ **ရန်ကုန်တပ်နယ်မှ**

သစ်ပင်ကိုနှစ်စဉ်စိုက်၊ ဘဏ်တိုက်ကိုစိုး" ဟူသည့် ဆောင်ပုဒ်အတိုင်း သစ်တောသစ်ပင်ကို ချစ်ခင်သည့် လူမျိုးများပီပီ ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်၊ စားသုံးသီးနှံပင်၊ ပန်းအလှပင် စသည့် အပင်များကို နှစ်စဉ်ရာသီမလပ်စိုက်ပျိုးကြခြင်းဖြင့် မိသားစုဝင်ငွေတိုးပြီး အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင် (၃၀) ပတ်လည်တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင်တပ်နယ်တပ်ရင်း၊ တပ်ဖွဲ့များရှိ စစ်သည်၊ မိသားစုဝင်များကလည်း မိမိတပ်မိမိတပ်နယ်အမြဲစိမ်းလန်းစိုပြည်နေအောင် သစ်ပင်များစိုက်ပျိုးကြခြင်းဖြင့် စံနမူနာပြ ဆောင်ရွက်ကြစေလိုကြောင်းနှင့် ယနေ့စိုက်ပျိုးခဲ့သည့်သစ်ပင်များကို ရှင်အောင်စိုက်ပျိုး ကြီးအောင်ပြုစု မြဲအောင်ထိန်းသိမ်းကြစေလိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်က တပ်နယ်အတွင်း ပျိုးပင်များ စုဆောင်းထားရှိမှု၊ သစ်ပင်များ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်စိုးက သစ်ပင်စိုက်ပွဲတော်အတွင်း သစ်ပင်များ စိုက်ပျိုးမည့် အခြေအနေနှင့် စိုက်ပျိုးပြီး သစ်ပင်များ ရှင်သန်ကြီးထွားအောင် ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း၊ တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဝင်းက ရန်ကုန်တိုင်းအတွင်းနှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်များစိုက်ပျိုးပြီးစီးမှုနှင့် သစ်ပင်များရှင်သန်ကြီးထွား မြဲမြံစေရေးအတွက် ဆောင်ရွက်ရမည့် နည်းစနစ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပျိုးပင်များဝေငှ

ဆက်လက်၍ သစ်ပင်စိုက်ပွဲတော်အခမ်းအနားကို နယ်မြေခံတပ်ခန်းမအနီးရှိ မြေကွက်လပ်၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပျိုးပင်များ ဝေငှပေးကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးတို့က သစ်ပင်စိုက်ပွဲတော် အထိမ်းအမှတ်အဖြစ် ပိန္နဲပင်နှင့် မဟော်ဂနီပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် တာဝန်ရှိသူများက သစ်ပင်များကို ဝိုင်းဝန်းစိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးနှင့် တာဝန်ရှိသူများသည် တပ်နယ်အတွင်းရှိ တပ်ရင်း/တပ်ဖွဲ့များမှ စစ်သည်များနှင့် မိသားစုဝင်များ၏ တပျော်တပါးသစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တစ်ပြိုင်တည်းစိုက်ပျိုး

ယနေ့ကျင်းပသည့် ရန်ကုန်တပ်နယ်သစ်ပင်စိုက်ပွဲတော်တွင် ရတနာတန်းဝင်ပင်၊ အရိပ်ရလေကာပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ ပန်းအလှပင်နှင့် စီမံကိန်းဝင်ပင် စုစုပေါင်း ၁၂၀၀၀ကျော်ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စိုက်ပျိုးကြသည်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ဝါတွင်းကာလ သီလပေးပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၆

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ဝါတွင်းကာလဖြစ်သည့် ဇူလိုင် ၂၀ရက် (ဝါဆိုလပြည့်နေ့)မှ အောက်တိုဘာ ၁၇ရက်(သီတင်းကျွတ် လပြည့်နေ့)အထိ ဝါတွင်းသုံးလပတ်လုံး ဝါတွင်းကာလ ဥပုသ်နေ့များတွင် သီတင်း သီလဆောက်တည်မှုလွယ်ကူစေရန် သီလခံယူပွဲများကို စီစဉ်ကျင်းပပေးမည်ဖြစ်ပြီး ဗုဒ္ဓဝံသဆိုင်ရာ နေ့ထူးနေ့မြတ် အခမ်းအနားများဖြစ်သော ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)တွင် ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော်ငါးဆူအား ရွှေကြာသင်္ကန်း လှည့်လည်ကပ်လှူခြင်း၊ ဓမ္မစကြာ ဒေသနာတော်များ ရွတ်ဆိုပူဇော်ခြင်း၊ ဝါခေါင်လပြည့်နေ့တွင် ပန်းစေတီ၊ ပန်းပဒေသာပင်များဖြင့် လှည့်လည်ပူဇော်ဆက်ကပ်ခြင်း၊ မေတ္တာသုတ်ပရိတ်တော်များရွတ်ဆိုခြင်း၊ တော်သလင်းလပြည့်နေ့တွင် ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်ခြင်း၊ ဂုဏ်တော်များ နာကြားခြင်း၊ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာ အခါတော်နေ့)တွင် ဆီမီးများကို အခမ်းအနားဖြင့် လှည့်လည်ပူဇော်ခြင်း၊ စောင်းတန်းလေးသွယ်တွင် လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်ခြင်း၊ အဘိဓမ္မာတရားတော်များ နာကြားခြင်း စသည်များ ကျင်းပမည်ဖြစ်ကြောင်းနှင့် ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်အပေါင်းက ပါဝင်ကုသိုလ်ယူ ပူဇော်နိုင်သည်။ (သတင်းစဉ်)

မင်္ဂလာရာမပါဠိတက္ကသိုလ် စုပေါင်းဝါဆိုသင်္ကန်းလှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်မှ ပဓာနနာယကနိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာ ပဏ္ဍိတဆရာတော်ဘဒ္ဒန္တ ရဋ္ဌသာရ အမှူးပြုသည့် စာချစာသင်သံဃာတော် အပါး ၂၀၀ ကျော်တို့အားစုပေါင်းဝါဆိုသင်္ကန်းလှူဒါန်းပွဲကို ဇူလိုင် ၂၂ရက်နေ့တွင်မွန်းလွဲ ၂နာရီမှ ညနေ ၅နာရီအတွင်း အထက်ပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါလှူဒါန်းပွဲသို့ ကြွရောက်ကြည်ညိုကြရန် ဒါယကာ၊ ဒါယိကာမများအား ဖိတ်ကြားထားကြောင်းသိရသည်။ (က-ပ)

စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မလေးရှားနိုင်ငံ ပက်ထရိုနပ်စ်ရေနံကုမ္ပဏီက မြန်မာကျောင်းသားရှစ်ဦးအား မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် နည်းပညာတက္ကသိုလ်၌ ပညာဆည်းပူးရန် ပညာသင်ဆုချီးမြှင့်ပွဲအခမ်းအနားအပြီးတွင် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့်အဖွဲ့ဝင်များမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (စွမ်းအင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၇-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇း၀၀** ၁။ မြဝတီအဖွင့်
- **၇း၀၅** ၂။ အဖွင့်သီချင်း
- **၇း၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇း၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇း၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇း၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇း၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈း၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈း၁၀** ၉။ **ဆရာတော်ဦးဃောသိတတရားတော် -သက္ကပညာသုတ်**
- **၉း၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉း၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄း၀၀** ၁။ မြဝတီအဖွင့်
- **၄း၀၅** ၂။ အဖွင့်သီချင်း
- **၄း၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄း၂၀** ၄။ **အဝေးသင်ပညာရေး ပို့ချမှုအစီအစဉ် -သံယုတ္တနိကာယလာ ကိုယ်ကျင့်တရား** (ဒုတိယနှစ်-အရှေ့တိုင်းပညာ)
- **၄း၅၀** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅း၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆း၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆း၁၀** ၈။ နိုင်ငံတကာသတင်း
- **၆း၂၀** ၉။ မိုးလေဝသသတင်း
- **၆း၂၅** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆း၄၀** ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇း၀၀** ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လောကစံအတွက် လက်သီးတစ်ချက်" (အပိုင်း-၁၃)**
- **၈း၀၀** ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ပဟေဠိနန်းတော်
- ၁၆။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှင်းနဂါးသိုင်း" (အပိုင်း-၉)**
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

➪ ဗဟိုအတွင်းရေးမှူးမှ

ယင်းနောက် အဆိုပါ စီမံကိန်း ရှင်းလင်းဆောင်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ကျောက်ဆည်ခရိုင် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားနှင့် တံတားဦးမြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံရာ အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များက ရှေ့လုပ်ငန်းစဉ်များနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးလက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာ့ အထည်အလိပ်လုပ်ငန်း ဝမ်းတွင်း ချည်မျှင်နှင့်အထည်စက်ရုံသို့ရောက်ရှိ စစ်ဆေးပြီး အလေအလွင့် မရှိစေရန် ကြပ်မတ်ဆောင်ရွက်သွားရေး၊ အသုံးစရိတ်များ လျှော့ချရေး၊ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်ရန် စီစဉ်ဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲ ၁၂နာရီခွဲတွင် မိတ္ထီလာမြို့ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိပြီး ရောင်းချမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် မွန်းလွဲပိုင်းတွင် မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မိတ္ထီလာခရိုင်နှင့် မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မလှိုင်မြို့နယ်နှင့် သာစည်မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံရာ အသင်း အတွင်းရေးမှူးများက စည်းရုံးရေးကိစ္စရပ်များ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြကြသည်။

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အသင်းဝင်များ အနေဖြင့် ခံယူချက် ယုံကြည်ချက် ပြည့်ဝရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို ပီပြင်စွာအကောင်အထည်ဖော်ရေး၊ အထူးသဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကို ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်သွားရေးစသည်တို့ကို ဆွေးနွေးမှာကြားသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ပျော်ဘွယ်မြို့ မြကြိုင်းတောင်စေတီအနီး မြန်မာ့ အထည်အလိပ် လုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ချည်မျှင်စက်ရုံ တည်ဆောက်ရန် လျာထားသည့် မြေနေရာကို စစ်ဆေးရာ မြန်မာ့အထည်အလိပ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်၊ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည်ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်စည်းရုံးရေးမှူးများအား ရမည်းသင်းမြို့၌ တွေ့ဆုံပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

နယ်စပ်/ စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်နှင့်ဇနီး ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၁၆

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနမိသားစု ဒွါဒသမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ စည်ပင်သာယာရေးဦးစီးဌာန ဓမ္မာရုံ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်တို့ တက်ရောက် ကြည်ညိုကြပြီး ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ (အပေါ်ပုံ)

တက်ရောက်ကြည်ညို

အဆိုပါ ဝါဆိုသင်္ကန်း ကပ်လှူပွဲ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျိုက်ပီဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဂုဏောသန အမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ ဝန်ကြီးရုံး အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။ (သတင်းစဉ်)

အောင်ဇမ္ဗူဟိန်း အောင်တော်မူစေတီ ရွှေထီးတော်တင်လှူပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်သာသနာပြုကျောင်းတိုက်၊ ပဓာန နာယကဆရာတော် သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညာသာရအား အမှူးထား၍ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၉ လမ်းမှ ဦးအောင်မျိုး၊ ဒေါ်ခင်သူဇာ၊ သား မောင်အောင်ခန့်ဝင်းတို့က ငွေကျပ်သိန်း ၂၇၀ အကုန်အကျခံ လှူဒါန်း ပြုပြင် တည်ထားကိုးကွယ်သည့် အောင်ဇမ္ဗူဟိန်း အောင်တော်မူစေတီတော် ရွှေထီးတော် တင်လှူပွဲ၊ ကျောင်းဆောင်သစ်နှင့် စောင်းတန်းရေစက်ချ မင်္ဂလာအခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် အလှူရှင် ဦးအောင်မျိုးမိသားစုက စေတီတော်တွင် တင်လှူပူဇော်မည့်စိန်ဖူးတော်ကိုလည်းကောင်း၊ တိုက်ကြီးတပ်နယ်မှ ဗိုလ်မှူးကြီးတင့်ဝေက ငှက်မြတ်နားတော်ကို လည်းကောင်း၊ ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြပြီး စိန်ဖူးတော်နှင့် ထီးတော်ဘုံအဆင့်ဆင့်တို့ကို အမွှေးနံ့သာများ ပက်ဖျန်းပူဇော်၍ မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ကြသည်။ (သတင်းစဉ်။)

အမျိုးသား တံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသား၊အမျိုးသမီး လယ်ယာ/ ဆည်မြောင်းဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၁၆

၂၀၀၅ ခုနှစ်၊ အမျိုးသား တံခွန်စိုက်ဘတ်စကက်ဘောပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၊ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံတွင် ဆက်လက်ကျင်းပသည်။

အမျိုးသားအသက် (၂၀)နှစ်အောက် ပြိုင်ပွဲတွင် Fox အသင်းက ပထမ၊ GB အသင်းက ဒုတိယရရှိပြီး ILBC အသင်းက တတိယရရှိသွားသည်။

အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင် လယ်ယာ/ဆည်မြောင်း အသင်းက ပထမ၊ ပြည်ထဲရေးအသင်းက ဒုတိယ ရရှိပြီး အမှတ်(၁) စက်မှုအသင်းက တတိယရရှိသွားသည်။

အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် လယ်ယာ/ဆည်မြောင်း အသင်းက ပထမ၊ ကီမိုနီဟောက်စ် အသင်းက ဒုတိယရရှိပြီး လယ်ယာ/ဆည်မြောင်း အသင်းက တတိယ ရရှိသွားသည်။

အမျိုးသား အသက်(၂၀)အောက်ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော Fox အသင်းအား Mikko Food Co.,Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးညီညီအောင်က လည်းကောင်း၊ **(အပေါ်ပုံ)**အမျိုးသမီး အလွတ်တန်းပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော လယ်ယာ/ဆည်မြောင်းအသင်းနှင့် အမျိုးသား အလွတ်တန်းပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော လယ်ယာ/ဆည်မြောင်း အသင်းတို့အား မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ စိန်မြင့်ကလည်းကောင်း တံခွန်စိုက်ဒိုင်းဆုများကို ချီးမြှင့် ပေးအပ်လိုက်သည်။

၂၀၀၅ ခုနှစ် အမျိုးသား တံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲကို အဓိကပံ့ပိုးကူညီခဲ့သော Mikko Food Co., Ltd.မှ မန်နေဂျင်း ဒါရိုက်တာ ဦးညီညီအောင်အား အဖွဲ့ချုပ်ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်သည်။ (သတင်းစဉ်)

(၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော စစ်ကိုင်းတိုင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တံခွန်စိုက်ဒိုင်းဆုကို ချီးမြှင့်စဉ်။

(ဘတ်စကက်ဘောအဖွဲ့ချုပ်)

ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောဗိုလ်လု

ရန်ကုန် ဇူလိုင် ၁၆

၂၀၀၅ ခုနှစ် (၃၆) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ၏ ဗိုလ်လုပွဲများကို ဇူလိုင် ၇ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းနှင့် ရန်ကုန်တိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းက ၆၂မှတ်၊ ၄၃ မှတ်ဖြင့်အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ပဲခူးတိုင်းတို့က ပူးတွဲတတိယ ရရှိသွားသည်။

အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် မန္တလေးတိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ် (တောင်ပိုင်း)က ၆၄မှတ်၊ ၅၄ မှတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရန်ကုန်တိုင်းတို့က ပူးတွဲတတိယ ရရှိသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌဒေါ်အေးအေး၊ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်၊ ဒုတိယဥက္ကဋ္ဌဦးရှိန်ဝင်းနှင့် အမှုဆောင်များက ဆုများချီးမြှင့်ကြသည်။

(ကြေးမုံ)

ကမ္ဘာ့သက်ငယ်တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာအားကစားအဖွဲ့ယှဉ်ပြိုင်ရန်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၆

မော်ရိုကိုနိုင်ငံတွင် ဇူလိုင်၁၃ရက်မှ ၁၇ရက်အထိ ကျင်းပမည့် စတုတ္ထအကြိမ်မြောက် အသက်(၁၈)နှစ်အောက် ကမ္ဘာ့သက်ငယ် တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာပြေးခုန်ပစ်အဖွဲ့သည် ဇူလိုင် ၉ရက် ညက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာ သွားရာ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြသန်းထိုက်နှင့် တာဝန်ရှိသူများ၊ဆွေမျိုးမိတ်သင်္ဂဟများက ပို့ဆောင်နှုတ်ဆက်ကြသည်။**(ဝဲပုံ)**

ပြိုင်ပွဲဝင် မြန်မာပြေးခုန်ပစ်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံပြေးခုန်ပစ် အဖွဲ့ချုပ် အမှုဆောင် ဦးစံထွန်း၊ (ဥက္ကဋ္ဌ ရှိုင်းဆောက်လုပ်ရေး)နှင့် ကစားသမားအဖြစ် ကျော်ကျော်ဦး(လယ်/ဆည်) လိုက်ပါသွားသည်။(ကြေးမုံ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိုးကုတ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများ ရှင်းလင်းမှာကြား

ရန်ကုန် ဇူလိုင် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးမိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် မိုးမိတ်–မိုးကုတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက် ၇ နာရီခွဲတွင် မိုးကုတ်မြို့အဝင်ရှခင်းသာရှုရပ်သို့ ရောက်ရှိသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် မိုးကုတ်မြို့ ကင်းချောင်း ရေပေးဝေရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ရှခင်းသာရှုရပ်မှ မိုးကုတ်မြို့ စည်ပင်ဖွံ့ဖြိုးမှု အခြေအနေနှင့် လမ်းအခြေအနေတို့ကို ကြည့်ရှုသည်။

ယင်းနောက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် မိုးကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ဒေသခံတာဝန်ရှိသူများအား တွေ့ဆုံရာ မိုးကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်က မြို့နယ်၏ဒေသဆိုင်ရာ အချက်အလက်များနှင့် စိုက်ပျိုးမွေးမြူရေး၊ စိုက်ပျိုးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကား ပြောကြားရာတွင် ကျောက်မျက်များ တူးဖော်ရောင်းဝယ်ရာ၌ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြေသယံဇာတပစ္စည်းကြာရှည်ထုတ်လုပ်သွားပါက ကုန်ခန်းသွားနိုင်ကြောင်း၊ ထို့ကြောင့် ရေရှည်လုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများကိုလည်း တွဲဖက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် စားနပ်ရိက္ခာအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများကလည်း ရှေ့ဆောင်၍ စံနမူနာပြ ဆောင်ရွက်ခြင်း၊ အားပေးခြင်း၊ စည်းရုံးခြင်းတို့ဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကော်ဖီ၊ လက်ဖက်၊ ရော်ဘာနှင့် နှစ်ရှည်ပင်များကိုလည်း အလေးပေးစိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ မိုးမိတ်–မိုးကုတ်လမ်းကိုလည်း ယခုထက်ပိုမိုကောင်းမွန်အောင် ထိန်းသိမ်းပြုပြင်ရမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မိုးကုတ်မြို့ ခုတင် ၁၀၀ ဆံ့ ဆေးရုံသစ်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ရာ ရှင်းလင်းဆောင်၌ ဆေးရုံတည်ဆောက်ရေးကော်မတီဝင်၊ မြို့နယ်စာရင်းအင်း ဦးစီးဌာနမှူး ဦးမောင်မောင်ဝင်းက ဆေးရုံတည်ဆောက်ပြီးစီးမှု၊ အလှူငွေရရှိမှု၊ ပစ္စည်းများစုဆောင်းရရှိမှုနှင့် သုံးစွဲမှု၊ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် ပြီးစီးအောင် တည်ဆောက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လုပ်ငန်းဆောင်ရွက်ရာ၌ လေလွင့်ဆုံးရှုံးမှု မရှိစေရန် စိစစ်ဆောင်ရွက်ရေး၊ အဆောင်လေးဆောင်ကို တစ်ဆောင်ပြီးမှ တစ်ဆောင် ပြီးစီးအောင် ဆောင်ရွက်ရေး၊ ဆောက်လုပ်ရာတွင် လက်ရာကောင်းကောင်းဖြင့် သေသပ်စွာ ဆောက်လုပ်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားကာ ဆေးရုံသစ်ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မိုးကုတ်မြို့ ခုတင် ၁၀၀ ဆံ့ ဆေးရုံသစ်ကို တည်ဆောက်ရေးကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းပြီး ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ရာ ငွေကျပ်သိန်း ၄၅၀၀ ကုန်ကျမည်ဟု ခန့်မှန်းပြီး ယခုထိ အလှူငွေ ကျပ်သိန်း ၃၈၈၀ ရရှိပြီးဖြစ်ကြောင်းနှင့် ဆေးရုံသစ်ကို အဆောင်လေးဆောင်ဖြင့် ဖွဲ့စည်း တည်ဆောက်မည် ဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုးကုတ်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံရှိ ဓာတ်မှန်ဆောင်၊ သွားနှင့်ခံတွင်းဌာန၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဌေးကြွယ်က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် မိုးကုတ်မြို့ကို ဖြတ်သန်းစီးဆင်းလျက်ရှိသည့် အင်းပတ်လမ်း ရေနီချောင်းသို့ ရောက်ရှိကြပြီး ရေနီချောင်းရေစီးရေလာအခြေအနေနှင့် ရေကာနံရံတည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် မိုးကုတ်မြို့ အရှေ့တောင်ဘက် (၂/၇)မိုင်ရှိ ကင်းချောင်း ရေပေးဝေရေး လုပ်ငန်းသို့ရောက်ရှိကြရာ မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ချိုက ရေလှောင်ကန်တည်ဆောက်မှု၊ ရေလှောင်ကန်မှ ရေကို ရေပိုက်ဖြင့် မိုးကုတ်မြို့နေ ပြည်သူများအား ဖြန့်ဝေပေးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်က နောင်ရေရှည်အတွက်ပါ မျှော်မှန်းတွက်ချက်၍ ရေကန်ရေပိုက်များ စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ကင်းချောင်း ရေပေးဝေရေးလုပ်ငန်း၌ ရေဂါလန် ၁၂၀၀၀၀ ဆံ့ပင်မရေလှောင်ကန်မှ ရေဂါလန် ၂၀၀၀၀ ဆံ့ ထပ်ဆင့် ရေဝေကန် နှစ်ကန်သို့ ရေပေးသွင်းပြီး ထိုမှတစ်ဆင့် အလိုအလျောက် စီးဆင်းစေသောစနစ်ဖြင့် ရေပေးဝေမည်ဖြစ်ရာ ညောင်လေးပင်၊ အရှေ့ရွာ၊ ဘီးတောင်၊ တောင်ကချင်နှင့် ပတ္တမြားရပ်ကွက်များသို့ ရေဖြန့်ဝေမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ရေပိုက်သွယ်တန်းမည့် နေရာနှင့် မိုးကုတ်မြို့ ဖွံ့ဖြိုးစည်ပင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဝါတွင်းတရားပွဲများကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၆

မင်္ဂလာဈေး ဝါတွင်းသံဃဒါနဆွမ်းလောင်းအသင်းမှ ကြီးမှူး၍ ဝါဆိုလဆန်း ၁၄ ရက် အဖိတ်နေ့မှစ၍ ဝါတွင်းကာလ အဖိတ်နေ့ညတိုင်း ည ၇ နာရီတွင် ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒအရှင်မြတ်က နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်ရာ ဗဟန်းကြားတောရလမ်းရှိ မင်္ဂလာဈေး ဓမ္မာရုံတော်ကြီးတွင် တရားနာယူနိုင်ကြောင်းသိရသည်။

(က–ပ)

ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် စာချုပ်လက်မှတ်ရေးထိုး

ရန်ကုန် ဇူလိုင် ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံ Hyundai Merchant Marine Co., Ltd. တို့၏ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် စာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီခွဲတွင် သန်လျင်မြို့နယ် သီလဝါဒေသရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ Hyundai Merchant Marine Co., Ltd. မှ ဒုတိယဥက္ကဋ္ဌ Mr. Shin Yong Ho နှင့်အဖွဲ့ဝင်များ၊ ဒုတိယပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ Hyundai Merchant Marine Co., Ltd. မှ ဒုတိယဥက္ကဋ္ဌ Mr. Shin Yong Ho က ပညာသင်ဆု ရွေးချယ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်းနှင့် Hyundai Merchant Marine Co., Ltd. မှ ဒုတိယဥက္ကဋ္ဌ Mr. Shin Yong Ho တို့က ပညာရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးပြီး လဲလှယ်ကြသည်။

စုပေါင်းဓာတ်ပုံရိုက်

ယင်းနောက် Hyundai Merchant Marine Co., Ltd. မှ ဒုတိယဥက္ကဋ္ဌ Mr. Shin Yong Ho က မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပညာသင်ဆုရ ကျောင်းသား ၁၀ ဦးတို့အား ပညာသင်ဆုများ ချီးမြှင့်ပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်ကို ၂၀၀၂ ခုနှစ် ဩဂုတ်လမှစ၍ ဆင်မလိုက် ရေကြောင်း ပညာသိပ္ပံကျောင်းတွင် ဖွင့်လှစ်ခဲ့ပြီး ၂၀၀၃ ခုနှစ် မတ်လတွင် သန်လျင်မြို့ သီလဝါဒေသ၌ ပင်မအဆောက်အအုံနှင့် စာသင်ဆောင်သုံးဆောင် ဆောက်လုပ်ပြီး စတင်ဖွင့်လှစ်သင်ကြားခဲ့သည်။ ယခုအခါ ဆရာ၊ ဆရာမ ၁၂၃ ဦး၊ ဝန်ထမ်း ၂၈၀ ရှိပြီး ကျောင်းသား၊ ၁၀၃၉ ဦးတို့ တက်ရောက်သင်ကြားလျက်ရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ်ဦးသိန်းထွန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ Hyundai Merchant Marine Co., Ltd. မှ ဒုတိယ ဥက္ကဋ္ဌ Mr. Shin Yong Ho တို့ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။ (ပို့ဆောင်ရေး)

သီလရှင်၊ ယောဂီများ ဝတ်စုံလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီ အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီ ဝိပဿနာ ကျောင်းတိုက် သုံးထပ်ကျောင်း ယောဂီဆောင်သစ်ကြီး အုတ်မြစ်ချမင်္ဂလာ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သီလရှင် ယောဂီများအား ဝတ်စုံလှူဒါန်းပွဲကို ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ယင်းကျောင်းတိုက်ကြီး၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ကျောင်းတိုက် ဖုန်း–၅၆၀၇၁၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

သစ်ပင်စိုက်ပျိုးပွဲတော် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်သစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁၆

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၉ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က အမရပူရမြို့နယ် တောတွင် ကျေးရွာအနီးရှိ ဆေးဝါး တက္ကသိုလ်ရှေ့တွင် ကျင်းပသည်။

အခမ်းအနား အစီအစဉ်အရ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်းတို့က သစ်ပင်များ စတင်စိုက်ပျိုးပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် သစ်ပင်များ စိုက်ပျိုးကြသည်။

အခမ်းအနားတွင် သစ်ပင်မျိုးစုံ စုစုပေါင်း ၂၀၀၀ စိုက်ပျိုးခဲ့ပြီး အလားတူ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်ကို မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တွင် နေရာ ၂၄ နေရာ ၌ အင်အားစုစုပေါင်း ၁၇၄၀၀ ဦးမှ စုစုပေါင်းသစ်ပင် ၁၄၉၅၂ ပင်ကို အခမ်းအနားများဖြင့် တစ်ပြိုင်နက် စိုက်ပျိုးခဲ့သည်။

ဆက်လက်၍ တိုင်းမှူးသည် ဆေးဝါးတက္ကသိုလ်အတွင်း ဆေးဝါးဖော်စပ်ရေး ဗေဒဌာနရှိ ဆေးဝါးထုတ်လုပ်ရန်ပြင်ဆင်နေမှု၊ စာသင်ခန်းအတွင်း သင်ခန်းစာများ သင်ကြားပို့ချမှုနှင့် စာကြည့်တိုက်တို့ကို လှည့်လည် ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး ဒေါ်ခင်ပြုံးဝင်း မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့က ကြီးမှူး၍ သစ်ပင်စိုက်ပျိုး ပွဲတော် အခမ်းအနားတွင် တက်ရောက်လာကြသူများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းအတွင်း ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်

မုံရွာ ဇွန် ၃၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ၂၀၀၅- ၂၀၀၆ ခုနှစ်တွင် တိုင်းအတွင်းရှိ ကသာခရိုင်၊ ကလေးခရိုင်၊ မော်လိုက်ခရိုင်၊ တမူးခရိုင်နှင့် ခန္တီးခရိုင်တို့မှ မြို့နယ်ပေါင်း ၁၉ မြို့နယ်၊ ကျေးရွာပေါင်း ၂၇၇ရွာတွင် ရော်ဘာစိုက်ပျိုးမြေဧက ၅၂၀၀ကို စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ဖြန့်ဖြူး

လိုအပ်သည့် ပျိုးပင်များကို မွန်ပြည်နယ်မှ ၅၅၀၀၀၊ တနင်္သာရီတိုင်းမှ ၁၃၃၅၀၊ ကချင်ပြည်နယ်မှ ၆၅၀၀ စုစုပေါင်းပျိုးပင် ၇၄၈၅၀ သယ်ယူဖြန့်ဖြူးပြီးဖြစ်သည်။

လေ့ကျင့်

စစ်ကိုင်းတိုင်းအတွင်း ရော်ဘာစိုက်ပျိုးမည့်တောင်သူများနှင့် စိုက်ပျိုးရေး ဝန်ထမ်းစုစုပေါင်း ၃၀ ဦးကို တနင်္သာရီတိုင်း ပုလောမြို့နယ် ဦးမောင်ညို၏ ရော်ဘာခြံ၌ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ယူမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

စစ်ကိုင်းတိုင်းတွင် ရှေ့လာမည့်နှစ် ၂၀၀၆-၂၀၀၇ခုနှစ်တွင် ရော်ဘာစိုက်ပျိုးဧက ၁၄၉၀၀ အထိ တိုးချဲ့စိုက်ပျိုးမည်ဖြစ်ရာ လိုအပ်သည့် ပျိုးပင်များ ရရှိရေးအတွက် ရော်ဘာမျိုးစေ့များ ရရှိရေးကို စီမံဆောင်ရွက်လျက်ရှိသည်။

(ခရိုင်ပြန်/ဆက်)

ကျောက်မဲမြို့နယ် ပြည်သူ့ဆေးရုံအတွင်း ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းရေးကို ဇွန် ၁၈ရက်က မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ပြည်သူ့ဆေးရုံမှ ဝန်ထမ်းများဖြင့် ဆောင်ရွက်ကြရာ ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးဝင်းနိုင်(ငြိမ်း)နှင့် မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးသိန်းနိုင်(ငြိမ်း)တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

စဥ့်ကိုင်အထကရွှေရတုနှင့် ဆရာကန်တော့ပွဲအခမ်းအနားကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၆

ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၅၀) ပြည့်ရွှေရတုအခမ်းအနားနှင့် အသက်(၆၀)ပြည့် ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဇူလိုင် ၃၀ရက် (စနေနေ့) နံနက် ၉ နာရီတွင် စဥ့်ကိုင်အထကခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်ရောက် စဥ့်ကိုင်မြို့နယ်မှ ကန်တော့ခံ ဆရာများ၊ ကျောင်းသူ၊ ကျောင်းသားဟောင်းများအား ရွှေမန်းသူ မော်တော်ယာဉ်ဖြင့် ရန်ကုန်မှ စဥ့်ကိုင်သို့ ပို့ဆောင်ပေးမည် ဖြစ်သည်။

ဇူလိုင် ၂၈ရက် ည ၇နာရီတွင် တောင်ဥက္ကလာပ ရွှေမန်းသူကားဝင်းမှ ထွက်ခွာ၍ ဇူလိုင် ၃၁ရက် နံနက် ၇နာရီ စဥ့်ကိုင်မှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။အလှူငွေထည့်လိုသူများနှင့် ခရီးစဉ်တွင် လိုက်ပါလိုသူများသည် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) ဖုန်း-၆၃၅၂၆၂၊ ၆၃၅၅၃၀၊ ဦးတင်ဝင်း (သစ်တောဖက်စပ် ရုံးချုပ်) ဖုန်း-၂၀၂၀၅၆၊ ၆၈၂၆၈၂နှင့် ဗိုလ်မှူးကြီးမျိုးမြင့်(မန်နေဂျင်း ဒါရိုက်တာ၊ ဗန္ဓုလ သယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်) ဖုန်း-၅၆၁၃၆၉၊ ၀၉၈၀ ၃၂၁၁၄ တို့သို့ ဆက်သွယ်နိုင်သည်။ **(က-ပ)**

ဂန့်ဂေါခရိုင် ပြန်/ဆက်ဦးစီးဌာန၏ ဖွင့်လှစ်ပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ရှင်သန်ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ထီးလင်းမြို့နယ် ဝါးဘိုးချောင်ရွာ မြင့်မြတ်စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲကို ဇွန် ၂၆ ရက်က ထီးလင်းပြန်/ဆက်၌ ကျင်းပရာ ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးသိန်းထွန်းအောင် စာအုပ်များ လှူဒါန်းစဉ်။ (၄၆၅)

မြန်မာအမျိုးသမီးများနေ့အခမ်းအနား ဘုတလင်၌ကျင်းပ

ဘုတလင် ဇူလိုင် ၁၃

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဘုတလင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၃ရက် နံနက် ၇နာရီက ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်က အမှာစကားပြောကြားပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါက်တာဒေါ်ဝင်းဝင်းက အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးကိုလည်းကောင်း၊ မြို့နယ်အဖွဲ့ဝင်ဥပဒေအရာရှိ ဒေါ်ခင်သင်းကြည်က အမျိုးသမီးရေးရာ သိကောင်းစရာများနှင့် အမျိုးသမီးများရရှိပြီး အခွင့်အရေးဆိုင်ရာ ကောက်နုတ်ချက်များကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် မြို့နယ်အဖွဲ့ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်က ဌာနဆိုင်ရာများနှင့် ကျေးရွာဥက္ကဋ္ဌများအား အဖွဲ့ဝင်ကတ်ပြားများ ပေးအပ်သည်။

(မြို့နယ်ပြန်/ဆက်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

ကျန်းမာရေးဆင့်ပွားသင်တန်းဖွင့်

ဘုတလင် ဇူလိုင် ၁၄

မုံရွာခရိုင် ဘုတလင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကျန်းမာရေးဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပို့ချ

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အသင်းဥက္ကဋ္ဌဒေါ်နိုင်နိုင်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှဝင်းက ကျန်းမာရေးနှင့် ပတ်သက်၍လည်းကောင်း၊ အမှုဆောင် ဒေါ်ကျော့ကျော့တင်နှင့် ဒေါ်ယဉ်မေတို့က မိခင်နှင့် ကလေးစောင့်ရှောက်မှုများကို လည်းကောင်း ဆွေးနွေးပို့ချသည်။ သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်၍ သင်တန်းသူ ၁၅၀တက်ရောက်ကြသည်။

(မြို့နယ်ပြန်/ဆက်)

ပေးအပ်လှူဒါန်း

ဇွန် ၂၅ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးနေမျိုးသူက မြောင်းမြမြို့နယ် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့သို့ ကြက်ခြေနီဝတ်စုံဖိုး ကျပ်တစ်သိန်းနှင့် ကျပ်ခြောက်သောင်းခွဲ တန်ဖိုးရှိ လက်ဆွဲမီးစက်တစ်လုံးကို မြို့နယ်ကြက်ခြေနီဒုတပ်ရင်းမှူးဦးစန်းဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (၁၇၆)

ကြေးမုံ The Mirror မြို့နယ် သတင်းများ

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပညာသင်ထောက်ပံ့ကြေးပေးအပ်

ပုလဲ ဇွန် ၃၀

ပုလဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းသား၊ သမီးများအား ၂၀၀၅-၂၀၀၆ ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၃၀ ရက်က ပုလဲရတနာခန်းမတွင် ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ကြည်၊ ဒုတိယ ဦးစီးမှူးများနှင့် ရုံးဝန်ထမ်းများ တက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ကြည်က ပညာသင်ထောက်ပံ့ကြေးပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

— လက်ခံ —

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူ ၁၃ ဦးအတွက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ချီးမြှင့်သည့် ပညာသင်စရိတ် ကျပ် ၂၆၀၀၀၀ နှင့် အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၇၉ ဦး အတွက် ထောက်ပံ့ကြေးငွေကျပ် ၁၀၁၀၀၀ ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား ဒုတိယဦးစီးမှူး ဦးလှမျိုးက လက်ခံရယူသည်။**(ယာပုံ)**

ဆက်လက်၍ အဝေးသင်တက္ကသိုလ်အဆင့် ၁၀ ဦးအတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးငွေကျပ် ၂၀၀၀၀ ကို ဝန်ထမ်းများ မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်တင်တင်ငြိမ်းက ပေးအပ်ရာ စာရေးအဆင့်(၂) ဦးညွန့်ဝေနှင့် ဦးတင်ဦးတို့က လက်ခံရယူသည်။ **(မြို့နယ်ပြန်/ဆက်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သံတွဲမြို့ ဒွါရဝတီမြို့သစ်(၁)လမ်းရှိ Thantwe Marine Products Co.,Ltd ၏ အအေးခန်းနှင့် ရေခဲစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်တွင် မိုးစပါးဧက ၁၁ သိန်း စိုက်ပျိုးရန်လျာထား တိုးတက်စိုက်ပျိုးရန် သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုး ရော်ဘာ တိုးချဲ့စိုက်ပျိုးရန် စည်းရုံးပညာပေး ပံ့ပိုးကူညီ

ရန်ကုန် ဇူလိုင် ၁၆

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်နှင့်အတူ ဇူလိုင်၁၃ရက် နံနက် ၈နာရီတွင် သံတွဲမြို့ရှိ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ သံတွဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က မြို့နယ်၏အုပ်ချုပ်ရေး၊လူမှုရေး၊စီးပွားရေး၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်နှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က သံတွဲခရိုင်၏ အကျယ်အဝန်းနှင့်ဇရိယာ၊ ရာသီဥတု၊ မြေယာအသုံးချမှု၊ မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေ၊ မိုးစပါးတိုးချဲ့ စိုက်ပျိုးရန်လျာထားချက်၊တစ်မိုးနှစ်သီးစိုက်ပျိုးပြီးစီးမှု ၊ရော်ဘာတိုးချဲ့ စိုက်ပျိုးမည့် အခြေအနေနှင့်စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ဟိုတယ်လုပ်ငန်းရှင်များက **စာမျက်နှာ ၉ ကော်လံ ၁ သို့**

ရန်ကုန်တပ်နယ် သစ်ပင်စိုက်ပွဲတော် သစ်ပင်မျိုးစုံ ၁၂၀၀၀ ကျော် စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း စစ်ဌာနချုပ် ရန်ကုန်တပ်နယ် သစ်ပင်စိုက်ပွဲတော် အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ နယ်မြေခံတပ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်၍ သစ်ပင်များ စိုက်ပျိုးပေးကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြား၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်အနေဖြင့် သစ်တောသစ်ပင်များ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာစေရန်အတွက် လူထုလှုပ်ရှားမှုဖြင့် တပ်လှန့်နှိုးဆော်ရန်၊ ရှေးလူကြီးများက သစ်ပင်များစိုက်ပျိုးခဲ့သလို မိမိတို့လက်ထက်တွင်လည်း သစ်ပင်များကို နောင်လာနောက်သားများ အတွက် ပြုစုပျိုးထောင် စိုက်ပျိုးပေးသွားရန်၊ ပရမ်းပတာသစ်ပင်ခုတ်မှုများမပြုလုပ်ဘဲ စနစ်တကျ ထုတ်လုပ်သုံးစွဲအစားထိုး ပြန်လည်စိုက်ပျိုးသွားရန်နှင့် သစ်တောသယံဇာတမပျက်စီးအောင် စောင့်ရှောက်ခြင်းဖြင့် ရာသီဥတု မှန်ကန်အောင်ထိန်းသိမ်းရန်စသည့် ရည်ရွယ်ချက်လေးရပ်ဖြင့် သစ်ပင်စိုက်ပွဲတော်များကို နှစ်စဉ် ကျင်းပလျက်ရှိကြောင်း၊ ယခုနှစ် သစ်ပင်စိုက်ရာသီ၌ ရန်ကုန်တပ်နယ်သည် တိုင်းအတွင်း ပထမဆုံး သစ်ပင်စိုက်ပွဲတော်ကျင်းပသည့် တပ်နယ်တစ်ခုဖြစ်ကြောင်း။

ရာသီမလပ်စိုက်ပျိုး

သစ်ပင်စိုက်ပျိုးခြင်းသည် နောင်လာနောက်သား သားစဉ်မြေးဆက် အတွက် အဖိုးတန်သည့် အမွေအနှစ်များချထားပေးခြင်းပင်ဖြစ်ကြောင်း၊ သစ်တောသစ်ပင်ချစ်ခင်တဲ့လူမျိုး၊ **စာမျက်နှာ ၁၀ ကော်လံ ၃ သို့**

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း စက်ရုံတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၆

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် လမ်းခွကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသော ချည်မျှင်စက်ရုံ(မြစ်သား) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး စက်ရုံပင်မအဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဆက်စပ်အဆောက်အအုံများ တည်ဆောက်မည့် နေရာများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် လျှပ်စစ်ပစ္စည်းများနှင့် ဆောက်လုပ်ရေးပစ္စည်းများထားသိုမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံ ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ကြည့်ရှုစစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း ပျော်ဘွယ်မြို့အနီး မြန်မာ့အထည်အလိပ်လုပ်ငန်းမှ အကောင်အထည်ဖော်မည့် ချည်မျှင်စက်ရုံတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)